# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 17 May 2024 ၁၁၄၆၀


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် မေ ၁၆**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။


ယနေ့ ဖတ်စရာ

**မြန်မာအမျိုးသား လေကြောင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း** စာမျက်နှာ » ၅

**မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ** စာမျက်နှာ » ၇

**ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးပုံကို ထပ်လောင်းအတည်ပြု** စာမျက်နှာ » ၁၃

# ကျောင်းနေအရွယ်အားလုံးကျောင်းနေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ယခုအခါ နွေရာသီကျောင်းပိတ်ရက်ကာလ ကုန်ဆုံးတော့မည်ဖြစ်သည်။ မကြာမီကာလတွင် ကျောင်းအပ်နှံရေးရက်သတ္တပတ်ကာလ ရောက်ရှိတော့မည်ဖြစ်သည်။ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ပါအတိုင်း ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အတွင်း အခြေခံပညာကျောင်းသား ကျောင်းသူလေးများအားလုံး ကျောင်းအပ်နှံကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်ပါအတိုင်း "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"ကို မမိုတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ နိုင်ငံ့စီးပွား မြင့်မားတိုးတက်လာစေရေးအတွက် ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးကို အထောက်အကူပြုမည့် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို ဖော်ဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ အသိပညာရှင်၊ အတတ်ပညာရှင်များ အမြောက်အမြားလိုအပ်လျက်ရှိသဖြင့် အဆိုပါလိုအပ်ချက်ကို ပညာရေးကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်ရန် ပညာရေးကဏ္ဍကို ရေတို၊ ရေရှည်စီမံကိန်းအမျိုးမျိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လူတိုင်းလက်လှမ်းမီသည့် ပညာရေးမြှင့်တင်မှုတွင် အားတက်သရော ပါဝင်ဆောင်ရွက်လာကြရန် အရေးကြီးသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ နိုင်ငံသူ နိုင်ငံသား လူငယ်လူရွယ်များ ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေရေးတို့အတွက် အကြောင်းအမျိုးမျိုးဖြင့် လိုအပ်ချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

အခြေခံပညာအဆင့်တွင်ပင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် တန်းစဉ်အဆင့်ဆင့် ကူးပြောင်းအောင်မြင်နိုင်ရေးတွင် အဟောသိကံဖြစ်နေမှုများနှင့် ကြုံတွေ့နေရပေသည်။ မူလတန်းအဆင့်တွင်ပင် ပညာရေးကို စွန့်လွှတ်လိုက်သူများ၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ရောက်ပြီးမှ ပညာရေးကို အဆုံးသတ်လိုက်သူများကို တွေ့မြင်နေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားအရ ပညာတတ်များ၊ ပညာသင်ယူပြီးမြောက်သူများ အဆင့်လိုက်နည်းပါးလျော့နည်းလာသဖြင့် ပညာတတ်လိုအပ်ချက်များ မြင့်မားလျက်ရှိသည်။ အခြေခံပညာသင်ကြားမှုကို အကြောင်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကြောင့် အဆုံးသတ်လိုက်သည့် အခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် ယခုကဲ့သို့ ပညာသင်နှစ်တစ်နှစ် ကျောင်းအပ်နှံကြရမည့်ကာလတွင် အားလုံးပါဝင်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မေလ ၂၃ ရက်နေ့မှစတင်မည့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူအားလုံးက ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပညာရေးဆိုင်ရာကဏ္ဍများက အဘက်ဘက်၌ လိုအပ်ချက်များမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။ ယခင်က ကုန်ကျခဲ့ကြသည့် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးများအပါအဝင် ကုန်ကျစရိတ်မှန်သမျှကို ယခုအခါ လုံးဝကောက်ခံခြင်းမပြုရတော့သဖြင့် ပညာသင်ကြားရေးတွင် အကုန်အကျမရှိဘဲ သင်ယူနိုင်မည့် အခွင့်အရေးများရရှိနေပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်ကြားရေးကို ဆောင်ရွက်ကြမည့် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံကြရာတွင် သူငယ်တန်း KG သင်ရိုးသစ်မှစ၍ ဒွါဒသမတန်း (Grade 12) သင်ရိုးသစ်အထိ တန်းစဉ်အလိုက် ကျောင်းဝတ်စုံမှအစ အခမဲ့ထောက်ပံ့ပေးထားသည့် ပစ္စည်းစာရင်းကို ပြည်သူများအား အသိပေးချပြထားသည်။ ပြည်သူများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ပညာသင်ကြားရေးတွင် ကျောင်းနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များမရှိသဖြင့် ကလေးငယ်များ အနာဂတ်အရေးအတွက် အခြားကိစ္စများကို မတွေးတောဘဲ ပညာတတ်များဖြစ်လာအောင် မဖြစ်မနေ ကျောင်းအပ်နှံပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သားသမီးများကို မိမိတို့နေထိုင်သည့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်၊ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ပညာရေးဝန်ထမ်းများအား ပေးအပ်ခြင်း မပြုလုပ်ကြပါရန်၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရေး၊ ကျောင်းမှန်မှန်တက်ရေး၊ အိမ်စာများကို မှန်မှန်လုပ်ဆောင်ရေး၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ကြပါရန်၊ ကျောင်းမနေသူမရှိစေရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးထားမှုများနှင့်အတူ ကလေးငယ်အရေး ဦးစားပေးဆောင်ရွက်ပေးကြပါရန်၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည်ကို အစမ်းခန့်ကာလ ( ၁ ) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ကျောင်းသူများ နှာစေး၊ချောင်းဆိုး၊ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ – ၅ –၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂,၄၈၇ | ၂၁,၈၇၂,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၁,၇၀၉ | ၄,၉၅၅,၈၀၀ |
| MCB | ၈,၁၀၀ | ၇,၉၀၀ | ၂၆ | ၂၀၇,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၄,၁၃၂ | ၆,၃၀၀,၄၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂၆၀ | ၄၄၅,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၇ | ၃၁,၅၀၀ |
| MAEX | ၂,၂၀၀ | ၂,၂၀၀ | ၃၂၃ | ၇၁၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ဘော်လီဘောပြိုင်ပွဲ(အမျိုးသား)ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ(အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဖိအားပေးယှဉ်ပြိုင်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဘော်လီဘောပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဖိအားပေး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဘော်လီဘောပြိုင်ပွဲ(အမျိုးသမီး)တွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်းတို့က လည်းကောင်း၊ ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြသူများကို ကောင်စီဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဒေါက်တာဘရွှေ၊ ဒေါက်တာမှုထန်တို့ကလည်းကောင်း ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ **စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘော်လီဘော(အမျိုးသမီး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိကြသည့် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့အား ကောင်စီဝင် ပိုးရယ်အောင်သိန်းကလည်းကောင်း၊ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိကြသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့အား ကောင်စီဝင် ဒေါ်ဒွဲဘူက လည်းကောင်း၊ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လည်းကောင်း တစ်ဦးချင်းဆု တံဆိပ်နှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး အသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက် ယှဉ်ပြိုင်ကြသည့် ဘော်လီဘော အားကစားသမားများ ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရန်၊ နိုင်ငံ့လက်ရွေးစင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဘော်လီဘော အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မေ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၃ သင်းနှင့် အမျိုးသမီး အသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ခွန်စံလွင် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

# မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၃ / ၂၀၂၄ )**

**၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်**

**( ၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)တွင်ပါရှိသော **"ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာအမျိုးသားလေကြောင်းဥပဒေ အခန်း ၄ တွင် –

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် –

**"မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများနှင့် ဆောင်ရွက်နိုင်သည့် နည်းလမ်းများ"**

( ခ ) ပုဒ်မ ၇ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(ဆ) **ပြည်တွင်းပြည်ပမှ လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ**ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း**၊ ရောင်းချခြင်း၊"

( ဂ ) ပုဒ်မ ၇ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ဃ) **မူလပုဒ်မခွဲ (ဏ) နှင့် (တ) တို့ကို ပုဒ်မခွဲ (ဃ) နှင့် (ဏ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။**

( င ) ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၈။ မြန်မာအမျိုးသားလေကြောင်းသည် မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ကုမ္ပဏီအဖြစ်လည်းကောင်း ဖွဲ့စည်းတည်ထောင်ပြီး မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ကုမ္ပဏီ၏အများစု အစုရှယ်ယာသည် နိုင်ငံတော်ပိုင် အစုရှယ်ယာ ဖြစ်ရမည်။"

၄။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၁၀ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်သည်ဟု မှတ်ယူရမည်။"

၆။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၇။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၁၇ တွင် –

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် –

"(က) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊"

(ခ) ပုဒ်မခွဲ (ဥ) ၏နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဃ) ပြည်တွင်းပြည်ပမှ **လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ** ဝယ်ယူခြင်း၊ အငှားဝယ်စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ **ငှားရမ်းလုပ်ကိုင်ခြင်း**၊ ရောင်းချခြင်း၊"

၈။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဂ) မြန်မာအမျိုးသားလေကြောင်း၏ အကျိုးစီးပွားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေပါက၊ ကျူးလွန်သည့်ဝန်ထမ်းအား မြန်မာအမျိုးသားလေကြောင်း၏ ဝန်ထမ်းလက်စွဲနှင့်အညီ အရေးယူအပြစ်ပေးနိုင်သည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုနိုင်သည်။"

၉။ မြန်မာအမျိုးသားလေကြောင်းဥပဒေပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာအမျိုးသားလေကြောင်းဥပဒေ မူလပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ နှင့် ၂၃ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

( ပုံ )
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်း/ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများကို ကျင်းပခြင်းအားဖြင့် ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းအားလုံးအနေဖြင့် အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးမှုများ၊ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိပြီး တာဝန်ယူ/တာဝန်ခံမှု၊ ပွင့်လင်းမြင်သာစွာဖြင့် ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်နိုင်မှသာ နိုင်ငံတော်အနေဖြင့်လည်း ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအတွင်း အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ စီမံချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူအဖြစ်သာသိကြပြီး ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့်ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒ အသုံးပြုခြင်း၊ မိမိနှင့်နီးစပ်အဆင်ပြေသူ ကောင်းစားရေး ဝါဒရှိခြင်းတို့သည်လည်း အဂတိလိုက်စားမှု မြောက်သည့် အပြုအမူများ ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု ပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သတင်း၊ တိုင်ကြားစာနှင့်မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က တိုင်ကြားစာကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုသံသရာနှင့် သမိုင်းသင်ခန်းစာ

ဇာနည်ဘွား

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို မေ ၉ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၀ ခန့်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။ လူမှုကွန်ရက်စာမျက်နှာများ၏ ဖော်ပြချက်များအရ သေဆုံးသူများထဲတွင် ကလေးငယ်အချို့လည်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

မြင်းခြံမြို့နယ် ဆုံရွာကျေးရွာ၌ အကြမ်းဖက်သမားများ၏ လူမဆန်စွာ ကျူးလွန်ခဲ့ကြသည့် ရက်စက်ကြမ်းကြုတ်မှုအပေါ် မြန်မာနိုင်ငံရှိ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့အထိ သုံးနှစ်တာကာလအတွင်း ရဟန်းသံဃာ ၇၇ ပါး ပျံလွန်ကာ သီလရှင် နှစ်ပါး၊ အပြစ်မဲ့ပြည်သူ ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၂၄ ဦး စုစုပေါင်း ၆၈၈၀ သေဆုံးခဲ့သည်။

**အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ**

ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ၊ မီးရထားလမ်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများအပါအဝင် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့သည် အတိတ်ကဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲအရ ပေါ်ပေါက်လာခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၊ ကွန်မြူနစ်ပါတီဗမာပြည်(အလံနီ)နှင့် ကေအင်န်ယူအဖွဲ့များ၏အကြမ်းဖက်လမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းနေခြင်းသာဖြစ်သည်ဟု ဆိုရပေမည်။

၁၉၄၉ ခုနှစ် မေလတွင် ကေအင်ဒီအို ကရင်သောင်းကျန်းသူများက ပဲခူးခရိုင် ဆိတ်ပျံကြီးရွာတွင် အမျိုးသား ၁၅၇ ယောက်တို့အား တစ်နေရာတွင် စုဝေးစေပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာ တစ်ရွာလုံး မုဆိုးမဖြစ်ခဲ့ရသည်။ အလားတူ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရွာများတွင်လည်း ယောကျ်ားမှန်သမျှကို သတ်ဖြတ်ခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့တွင် တပ်မတော်က ဖြူးမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ရာတွင် ကေအင်ဒီအို ကရင်သောင်းကျန်းသူများက မဆုတ်ခွာမီ မြို့သူမြို့သားများကို အစုလိုက်၊ အပြုံလိုက်သတ်ဖြတ်သွားခဲ့သည်။ တပ်မတော်သားများ ဖြူးမြို့သို့ တစ်လမ်းဝင် တစ်လမ်းထွက် ဝင်ရောက်လာသောအခါ လမ်းဘေး၊ အိမ်ပေါ်၊ အိမ်အောက်၊ မြောင်းတွင်း စသည့်နေရာအနှံ့တွင် ဓားနှင့်ခုတ်သတ်ထားသော အလောင်းများ ဖွေးဖွေးလှုပ်မျှရှိသည်ကို မြင်တွေ့ခဲ့ကြရသည်။ မြို့တွင်းသတ်ဖြတ်ခဲ့သော အလောင်းများ စာရင်းကောက်ယူရာတွင် သေဆုံးသူ ၃၅၀ ရှိပြီး အိမ်ခြေ ၄၀၀ ခန့်လည်း မီးလောင်ကျွမ်းခဲ့သည်။

၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စစ်တောင်းမှ မုတ္တမသို့ ခုတ်မောင်းလာသော မီးရထားအား လင်းထင်ခေါင်းဆောင်သော ကေအင်ဒီအို ကရင်သောင်းကျန်းသူများက ဒုံးဝန်းဘူတာနှင့် သိမ်ဆိပ်ဘူတာအကြားတွင် မိုင်းခွဲတိုက်ခိုက်ခဲ့ပြီး ခရီးသည်များထံမှ ရွှေငွေပစ္စည်းများကို လုယက်ယူဆောင်သွားကြသည်။ ထို့မျှမက ရထားပေါ်တွင် ကျောင်းပိတ်၍ပြန်လာသည့် တက္ကသိုလ်ကျောင်းသူ ၄၀ ကျော် အပါအဝင် အမျိုးသမီး ၁၀၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကာ ထိုင်းနယ်စပ်တွင် တပ်စွဲထားသော တရုတ်ကူမင်တန်တပ်မှ ဗိုလ်ချုပ်လောလီထံ လက်နက်ခဲယမ်းများနှင့် လဲလှယ်ရောင်းစားခဲ့ကြသည်။

**ကေအင်န်ယူအဖွဲ့သည် ဆူပူသောင်းကျန်းမှုစတင်ကတည်းက အစုလိုက်၊ အပြုံလိုက် လူသတ်ပွဲများ၊ ရာဇဝတ်မှုများကို အကြီးအကျယ် ကျူးလွန်**ခဲ့ကြသည်။ ကေအင်န်ယူအဖွဲ့သည် နယ်ချဲ့အားကိုးမှု၊ အမြင်ကျဉ်းမြောင်းမှုများဖြင့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်ရာမှ စစ်ဘုရင်ဝါဒကိုကျင့်သုံးလာသည်ဟုဆိုသည်။ နောက်ဆုံး ကရင်လူထုကပါ လက်မခံတော့သောအခါ ၁၉၅၀ ပြည့်နှစ်မှစ၍ မြို့ပြများမှဆုတ်ခွာကာ တောကြိုအုံကြားသို့ ပြေးရတော့သည်။

> ❝ ကေအင်န်ယူအဖွဲ့သည် ဆူပူသောင်းကျန်းမှုစတင်ကတည်းက အစုလိုက်၊ အပြုံလိုက် လူသတ်ပွဲများ၊ ရာဇဝတ်မှုများကို အကြီးအကျယ် ကျူးလွန်ခဲ့ကြသည်။ ကေအင်န်ယူအဖွဲ့သည် နယ်ချဲ့အားကိုးမှု၊ အမြင်ကျဉ်းမြောင်းမှုများဖြင့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်ရာမှ စစ်ဘုရင်ဝါဒကို ကျင့်သုံးလာသည်ဟုဆိုသည်။ နောက်ဆုံး ကရင်လူထုကပါ လက်မခံတော့သောအခါ ၁၉၅၀ ပြည့်နှစ်မှစ၍ မြို့ပြများမှဆုတ်ခွာကာ တောကြိုအုံကြားသို့ ပြေးရတော့သည် ❞

**ကော်သူးလေ တော်လှန်ရေးစစ်တမ်း**

၁၉၅၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ထုတ်ဝေသော ကော်သူးလေ ရဲဘော်များ၏ တင်ပြချက်များဖြစ်သည့် ကော်သူးလေ တော်လှန်ရေးစစ်တမ်းတွင်လည်း "ဗမာ အမျိုးသားများ၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်၍ ငါတို့တော်လှန်ခဲ့ကြသည်ဟုဆိုသော်လည်း ငါတို့သိမ်းပိုက်ပြီးသော နယ်မြေများအတွင်းရှိ ဗမာ၊ မွန်၊ ပအိုဝ်း၊ ကုလား၊ တရုတ် အစရှိသော လူမျိုးစုမှန်သမျှကို ငါတို့ဖိနှိပ်ချုပ်ချယ် လက်ဝါးကြီးအုပ်ခဲ့ကြသည်။ နိုင်ငံရေးစကားအရပြောလျှင် ဗမာလူမျိုးကြီးဝါဒကို ငါတို့တော်လှန်ခဲ့ကြသော်လည်း ငါတို့အာဏာစိုက်ထူနိုင်သော အချိန်ပိုင်းကလေးတွင်ပင် အခြားလူမျိုးစုအားလုံးအပေါ်တွင် ငါတို့သည် ပိုမိုရက်စက်ကြမ်းကြုတ်သော ကရင်လူမျိုးကြီးဝါဒတစ်ရပ်ကို ကျင့်သုံးခဲ့ကြပေသည်။ ထို့ကြောင့်လည်း မည်သည့်လူမျိုးစုမျှ အကြွင်းမဲ့ထောက်ခံမှုကို ငါတို့မရခဲ့ကြသည်သာမက ငါတို့အား အထင်သေးမှု၊ မုန်းတီးရွံရှာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင်အနေဖြင့် ကျေးရွာပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ရမ်းကားခြင်းများ ပြုလုပ်ကြလေရာ အခြားအမျိုးသားမဆိုထားဘိ ကရင်အမျိုးသားကပင်လျှင် ငါတို့အား ရွံရှာစက်ဆုပ်ကာ တော်လှန်ရေးကိုပင် ငြီးငွေ့လာကြပေသည်"ဟု စသည်ဖြင့် သုံးသပ်ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ကရင်တော်လှန်ရေး အဘယ်ကြောင့် ရှုံးနိမ့်ရသည်ကို ပြန်လည်သုံးသပ်ရာတွင် နယ်ချဲ့သမားကို အလွန်အကျွံအားကိုးခြင်း၊ စစ်ဘုရင်ဝါဒထွန်းကားလာခြင်း၊ လူထုဆန့်ကျင်ရေး အကြမ်းဖက်လုပ်ငန်းများ ထွန်းကားလာခြင်းတို့ကြောင့်ဟု ဆိုကြသည်။

စောဘဦးကြီးအလွန် ကေအင်န်ယူခေါင်းဆောင်အချို့သည် ကေအင်န်ယူတို့၏ ပထမလမ်းစဉ်မှာ မည်သည့်အနှစ်သာရမှမရှိဘဲ ထင်ရာစိုင်းဝါဒဖြစ်သည်ဟုဆိုကာ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းကာ

(၁) နယ်ချဲ့ပဒေသရာဇ်နှင့် မဟာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေး၊
(၂) ကရင်ပြည်နယ်ရရှိရေး၊
(၃) ကရင်အမျိုးသားဘဝလွတ်မြောက်ရေး၊
(၄) အဖျက်သမားများ၊ အချောင်သမားများအား ဆန့်ကျင်တိုက်ခိုက်ရေးဟူသည့် ဒုတိယလမ်းစဉ်ကို ချမှတ်ခဲ့သည်။ ကေအင်န်ယူပါတီသည် "ဒုတိယလမ်းစဉ်" အား "တိုးတက်သော တော်လှန်သော လမ်းစဉ်" ဟု ဆိုသည်။

သို့သော် မန်းဘဇံတို့ ချမှတ်ပေးသော ဒုတိယလမ်းစဉ်ကို ပဲခူးရိုးမဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင်သာ ကျင့်သုံးနိုင်ခဲ့ပြီး အရှေ့တိုင်းခေါ် စစ်တောင်းမြစ်နှင့် အရှေ့ဘက် နယ်နိမိတ်မျဉ်းအကြားရှိ ကရင်ပြည်နယ်တွင် ကျင့်သုံးနိုင်ခဲ့ခြင်းမရှိပေ။ အရှေ့တိုင်း ကေအင်န်ယူများသည် အကြမ်းဖက်ဝါဒကို ကျင့်သုံးဆဲဖြစ်သည်။

မြစ်ဝကျွန်းပေါ်တိုင်းရှိ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကေအင်န်ယူပါတီတို့သည်လည်း အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ဟူသောအမည်ဖြင့် ဒေသခံပြည်သူတို့အပေါ် ဆက်ကြေးတောင်း၊ လုယက်ညှဉ်းပန်းနှိပ်စက်ရုံမက မထင်ရင်မထင်သလို သတ်ဖြတ်ခဲ့ကြပြန်သည်။

> ❝ ၁၉၅၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်စွဲဖြင့် ထုတ်ဝေသော ကော်သူးလေရဲဘော်များ၏ တင်ပြချက်များဖြစ်သည့် ကော်သူးလေ တော်လှန်ရေးစစ်တမ်းတွင်လည်း "ဗမာအမျိုးသားများ၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်၍ ငါတို့တော်လှန်ခဲ့ကြသည်ဟု ဆိုသော်လည်း ငါတို့သိမ်းပိုက်ပြီးသော နယ်မြေများအတွင်းရှိ ဗမာ၊ မွန်၊ ပအိုဝ်း၊ ကုလား၊ တရုတ် အစရှိသော လူမျိုးစုမှန်သမျှကို ငါတို့ဖိနှိပ်ချုပ်ချယ် လက်ဝါးကြီးအုပ်ခဲ့ကြသည်။ နိုင်ငံရေးစကားအရပြောလျှင် ဗမာလူမျိုးကြီးဝါဒကို ငါတို့ တော်လှန်ခဲ့ကြသော်လည်း ငါတို့အာဏာစိုက်ထူနိုင်သော အချိန်ပိုင်းကလေးတွင်ပင် အခြားလူမျိုးစုအားလုံးအပေါ်တွင် ငါတို့သည် ပိုမိုရက်စက်ကြမ်းကြုတ်သော ကရင်လူမျိုးကြီးဝါဒတစ်ရပ်ကို ကျင့်သုံးခဲ့ကြပေသည်။ ထို့ကြောင့်လည်း မည်သည့်လူမျိုးစုမျှ အကြွင်းမဲ့ထောက်ခံမှုကို ငါတို့မရခဲ့ကြသည်သာမက ငါတို့အား အထင်သေးမှု၊ မုန်းတီးရွံရှာမှုတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင်အနေဖြင့် ကျေးရွာပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ရမ်းကားခြင်းများ ပြုလုပ်ကြလေရာ အခြားအမျိုးသားမဆိုထားဘိ ကရင်အမျိုးသားကပင်လျှင် ငါတို့အား ရွံရှာစက်ဆုပ်ကာ တော်လှန်ရေးကိုပင် ငြီးငွေ့လာကြပေသည်"ဟု စသည်ဖြင့် သုံးသပ်ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ကရင်တော်လှန်ရေး အဘယ်ကြောင့် ရှုံးနိမ့်ရသည်ကို ပြန်လည်သုံးသပ်ရာတွင် နယ်ချဲ့သမားကို အလွန်အကျွံ အားကိုးခြင်း၊ စစ်ဘုရင်ဝါဒထွန်းကားလာခြင်း၊ လူထုဆန့်ကျင်ရေး အကြမ်းဖက်လုပ်ငန်းများ ထွန်းကားလာခြင်းတို့ကြောင့်ဟု ဆိုကြသည် ❞

**ရေဝတီမြစ်အတွင်း ခရီးသွားလာရေးများကို ပိတ်ပင်တားဆီးခဲ့**

ရေဝတီမြစ်အတွင်း၌ ခရီးသည်တင်သင်္ဘောကြီးများဖြစ်သော ရွှေပြည်သာ၊ ရေတမာ၊ ဒဂုံမေ၊ ဒဂုံလွင်၊ တိုးကြွယ်၊ မင်းကြီး၊ မင်းလှ၊ ချမ်းသာကြီးတို့ကို အဓမ္မဖမ်းဆီးခဲ့ပြီး ခရီးသည်များထံမှ ရွှေငွေပစ္စည်းများကို လုယက်ခဲ့ကြသည်။ ရေဝတီမြစ်အတွင်း ခရီးသွားလာရေးများကို ပိတ်ပင်တားဆီးခဲ့ကြသည်။

ထို့ပြင် "ဖောက်ပြန်သော ဖက်ဆစ်အစိုးရ၏ ကျွန်ပညာရေးနှင့် ဖောက်ပြန်သောလူမှုရေးကို အခြေခံသည့်ကျောင်းများနှင့် ဆေးပေးဌာနများကို ဖျက်ဆီးပစ်ရမည်"ဟုဆိုကာ အစိုးရကျောင်းများကို အဓမ္မပိတ်ပင်စေခဲ့သည်။ ကျောင်းများကို မီးရှို့ခဲ့သည်။ ဆေးပေးခန်းများကို ဖျက်ဆီးခဲ့ကြသည်။ တောင်သူလယ်သမားတို့၏ သားသမီးများမှာ စာသင်ချိန်အရွယ်တွင် စာမသင်ကြရဘဲ စာမတတ်၊ ပေမတတ် ဖြစ်ခဲ့ကြရသည်။ ဆေးပေးဌာနများ၌လည်း ဆေးကုသခွင့်မပြုခဲ့ကြချေ။

စာမျက်နှာ ၇ သို့ ✪

❂ စာမျက်နှာ ၆ မှ

၁၉၆၇ ခုနှစ် မေလ ၂၉ ရက်နေ့ ညတွင် မြောင်းမြခရိုင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မြောင်းမြခရိုင် လပွတ္တာမြို့နယ် ရွှေးမြစ်ကမ်းဘေးရှိ အိမ်ခြေ ၈၀၀ ကျော်ရှိသော ရွှေပြည်သာရွာကို မီးတုတ်တင်၍ ရှို့ခဲ့ကြသည်။ ရွှေပြည်သာရွာသည် တော်လှန်ရေးအစိုးရ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ရွာသစ်တည်ထားခြင်းဖြစ်၍ ဗမာပြည်ကွန်မြူနစ်ပါတီက ရွှေပြည်သာရွာအား အာဏာနီတည်ဆောက်ရေး၏ အဟန့်အတားဖြစ်သည်ဆိုကာ မီးတင်ရှို့ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြောင်းမြခရိုင်အတွင်းရှိ မဒညတ တပ်ဖွဲ့ဝင်များသည် ရိက္ခာရရှိရေးအတွက် အရေးပေါ်ညွှန်ကြားချက်အရ အစိုးရကို စပါးရောင်းချမှုပိတ်ပင်ရုံမက ဝမ်းစာကြိတ်ခွဲရန်သွားသော စပါးများကို လမ်းခုလတ်မှဖြတ်၍ သိမ်းဆည်းလုယက်ယူငင်ခဲ့ကြရာ ဒေသခံ ကရင်-ဗမာ တောင်သူလယ်သမားကြီးများမှာ ဝမ်းစာအတွက်ပင် ရတက်မအေး ဖြစ်ခဲ့ကြရသည်။ မဒညတအဖွဲ့ဝင်များ၏ ထိုကဲ့သို့ ဆက်ကြေးတောင်း၊ လုယက်၊ ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်၊ မီးရှို့ စသည့်အကြမ်းဖက်လုပ်ရပ်များကို အနှစ်နှစ်အလလ အလူးလူးအလိမ့်လိမ့်ခံခဲ့ကြရသော တိုင်းရင်းသားပြည်သူအပေါင်းသည် သည်းမခံနိုင်တော့သည့်အဆုံး အုံကြွပေါက်ကွဲလာခဲ့ကြသည်။

တံခွန်တိုင်၊ လမ်းသမိုင်ရွာမှ အစပြု၍ သောင်းကျန်းသူများကို ဆန့်ကျင်လာကြသည်။ သောင်းကျန်းမှုဆန့်ကျင်ရေး ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်း၍ ဓားရှည်များ၊ လှံများ၊ မိုန်းများ၊ ဝါးချွန်များ၊ ဒူးလေးများ စသည့် ရရာလက်နက်ကို ကိုင်စွဲကာ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ကြလေသည်။

**အဖြူရောင်နယ်မြေဖြစ်လာခဲ့**

ထိုမှတစ်ဆင့်တက်၍ **ဒေသခံ ကရင်-ဗမာ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ မြစ်ဝကျွန်းပေါ်ဒေသမှ သောင်းကျန်းသူများကို အမြစ်ဖြတ်ချေမှုန်းခဲ့ကြသည်။ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့သော ရွှေလင်းယုန်၊ မိုးဟိန်းစစ်ဆင်ရေးအောင်ပွဲများနှင့်အတူ မြစ်ဝကျွန်းပေါ်ဒေသသည် သောင်းကျန်းမှုကင်းစင်သော အဖြူရောင်နယ်မြေဖြစ်လာခဲ့ပေသည်။**

သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီသည်လည်း ဒေသခံပြည်သူများထံမှ ဆန်လုသည်။ ပစ္စည်းလုသည်။ ပြီးလျှင် ရွာမီးတင်ရှို့သည်။ အမြင်မတူသူများ၊ မထောက်ခံသူများ၊ ဆန့်ကျင်သူများကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ကြသည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်နေ့တွင် အလံနီကွန်မြူနစ်ပါတီသည် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ဆင်စွယ်ရွာမှ ရွာသားများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ တပ်မတော်သားများဟန်ဆောင်ကာ ရွာသို့ဝင်၍ ရွာသားများအား ပစ္စည်းသယ်ပိုးပေးရန်ဟုဆိုကာ အားလုံးကိုစုဝေးစေပြီး လက်ပြန်ကြိုးတုပ်၍ ရက်စက်စွာ ခုတ်ဖြတ်သတ်ဖြတ်ခဲ့လေသည်။ ၇၂ ဦး ပွဲချင်းပြီးသေဆုံး၍ နှစ်ဦးမှာ နောက်တွင် သေဆုံးသည်။

ဗိုလ်ချုပ်စန်းယုနှင့် အဖွဲ့ဝင်များ မန္တလေးမှ အမြန်သွားရောက်သောအခါ အလောင်းတွေ ထပ်လျက်ရှိသေးသည်။ မိန်းမတွေသာ စိတ်နာသော မျက်နှာထားဖြင့် ကျန်ရစ်တော့သည်။ တပ်မတော်က ယူလာသော ရိက္ခာကို ဝေ၍ ကျွေးမွေးရသည်။ သံဃာကိုပင့်၍ ဆွမ်း၊ ပစ္စည်းကပ်လှူကာ သရဏဂုံတင်၊ သင်္ဂြိုဟ်ခြင်းပြုလုပ်ရသည်။ ရွာကိုစောင့်ရှောက်ပေးရသည်။ ကူညီထူထောင်ပေးရသည်။ အလုပ်အကိုင်ရှာပေးရသည်။ ရွာသူ ရွာသားများနှင့် ကလေးများကို ရန်ကုန်မြို့သို့ စိတ်ပြေလက်ပျောက်ဘုရားဖူးပို့ပေးသည်။ အချို့သော ဆင်စွယ်ရွာမှ လူငယ်များအား ရန်ကုန်မြို့သို့ပို့ကာ ပညာသင်စေသည်။

**ဆင်စွယ်ရွာ အစုလိုက်၊ အပြုံလိုက် လူသတ်ပွဲအပြီးတွင် သခင်စိုး၏အလံနီကွန်မြူနစ်ပါတီသည်လည်း နာလန်မထူတော့ချေ။ ပြည်သူက အလံနီကို မုန်းလေပြီ။ အလံနီအား ရွာနားအကပ်မခံ။ အလံနီသတင်း တပ်မတော်ကိုပေးသည်။ ဆင်စွယ်ရွာသည် အလံနီ၏ ဘဝနိဂုံး၏အစ ဖြစ်ခဲ့လေသည်။**

၁၉၇၀ ပြည့်နှစ်တွင် ယော၊ ဆောအနီး နှမတော်တောင်၊ ဒူးတော်တောင်တွင် သခင်စိုးတို့ရှိသည် သတင်းရ၍ တပ်မတော်နှင့် ပြည်သူ့စစ်တို့က အင်အားအလုံးအရင်းဖြင့် ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြသည်။ ဘေးပတ်ဝန်းကျင်ရွာများကလည်း ရိက္ခာမပေး၊ ခိုလှုံခွင့်မပေး။ မည်သည့်နည်းနှင့်မျှ အားပေးကူညီမှုမပြုခဲ့ချေ။ နောက်ဆုံး သခင်စိုးနှင့် သူ၏ နောက်ဆုံး ဇနီးငယ်၊ သားငယ်တို့ကို တပ်မတော်က ဖမ်းမိခဲ့သည်။

**အကြမ်းဖက်လမ်းစဉ်သည် အမြစ်တွယ်လာခဲ့**

**ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်သည် အမြစ်တွယ်လာခဲ့လေသည်။ အကြမ်းဖက်မှုသံသရာရှည်ကြာသည်နှင့်အမျှ အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုများကလည်း အတောမသတ်အောင် များပြားလျက်ရှိပေသည်။ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်မှုများ သမိုင်းတစ်ပတ် ပြန်မလည်စေရေးအတွက် နိုင်ငံသားတိုင်း သမိုင်းသင်ခန်းစာအဖြစ် ရယူနိုင်စေရန် တင်ပြလိုက်ရပါသည်။** ။

## မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၆**




မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာနယ်ပယ်များ၊ ပူးတွဲစီမံချက်များနှင့် ပူးတွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆွေးနွေးရန်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ရန်နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးတွဲသုတေသနစီမံကိန်းများ ချမှတ်နိုင်ရေး ဆွေးနွေးရန် ရည်ရွယ်၍ မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို မေ ၁၆ ရက်မှ ၁၇ ရက်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် (၂၁) နေပြည်တော်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် အိန္ဒိယသမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Dr. Praveen Kumar Somasundaram တို့က ပူးတွဲသဘာပတိအဖြစ်ကြီးမှူး၍ မြန်မာ-အိန္ဒိယ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယ သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံး ကိုယ်စားလှယ်နှင့် နေပြည်တော်ရှိ အိန္ဒိယဆက်ဆံရေးရုံး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြန်ပြည့်မြဲစွမ်းအင်သုတေသန၊ လျှပ်စစ်သုံးယာဉ်ဘက်ထရီဆိုင်ရာ သတ္တုနှင့် ဒြပ်ပစ္စည်းများ သုတေသနများ၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ Geospatial Technology၊ မောင်းသူမဲ့လေကြောင်းစနစ်၊ ဇီဝနည်းပညာအပါအဝင် အစားအသောက်ဆေးဝါးနှင့် စိုက်ပျိုးရေး၊ နာနိုနည်းပညာ၊ Blockchain၊ စက်ရုပ်နှင့် AI Virtual Reality နှင့် Augmented Reality (3D ပုံရိပ်ဖော်နည်းပညာများ) ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အစိမ်းရောင်နည်းပညာများ၊Smart University နည်းပညာများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ပူးတွဲစီမံချက်များ၊ ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ စီစဉ်နိုင်ရေး၊ သိပ္ပံနှင့်နည်းပညာမဟာဗျူဟာစီမံကိန်းအတွက် လေ့လာဆန်းစစ်ခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ ညှိနှိုင်းရေးဆွဲချမှတ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံမော်တာ အပ်ချုပ်စက်သင်တန်းကို ကလိန်ကျေးရွာ၌ မေ ၁၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထွန်းဦးကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျေးရွာနေပြည်သူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မေ ၁၆**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd.မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မူမှန်ပြက္ခဒိန်ရောင်းချ

**နေပြည်တော် မေ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၆-၁၃၈၇ ခုနှစ် ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၄ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးအမှတ်(၃၅)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများ အနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချရငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပ

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များစွာလိုအပ်ပြီး စာဖတ်သည့်တိုင်းပြည်သည် ပိုမိုလျင်မြန်စွာတိုးတက်သည်ကို တွေ့ရနိုင်

ပဲခူး မေ ၁၆

ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး "ရှေ့သို့ ချီမည် ပန်းတိုင်ဆီ" နှင့် "နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယို Clip တို့ကို ပြသသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုစဉ်။

### အမြဲမပြတ်လေ့လာဖတ်ရှု

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်လူရွယ်များ အနေဖြင့် စာပေကို အလေးထား၊ တန်ဖိုးထားပြီး အမြဲမပြတ်လေ့လာဖတ်ရှုကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းအလေ့အထမှ အသိဉာဏ်ပညာရင့်သန်လာပြီး အမှားနှင့်အမှန်၊ အဖြူနှင့်အမည်း၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားသိမြင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များစွာ လိုအပ်ပြီး စာဖတ်သည့်တိုင်းပြည်သည် ပိုမိုလျင်မြန်စွာတိုးတက်သည်ကို တွေ့ရနိုင်ကြောင်း။

စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို တက္ကသိုလ်အဆင့်၊ အခြေခံပညာအဆင့်အလိုက် ကျောင်းများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသွားရန်ဖြစ်ပါကြောင်း၊ အဆိုပါ ပွဲတော်များတွင် စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ စသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းပိတ်ရက်များတွင် သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများသည် စာကြည့်တိုက်များသို့ တစ်နာရီခန့် အစုအဖွဲ့အလိုက် သွားရောက်စာဖတ်ကြစေလိုကြောင်း၊ အမြဲမပြတ် ဆောင်ရွက်ခြင်းအားဖြင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာမည်ဖြစ်ကြောင်း၊ လူငယ်များအတွက် စဉ်ဆက်မပြတ်သင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်နိုင်ရန် ဖန်တီးပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းစာတွင်သာမကဘဲ ဗလငါးတန်နှင့်ပြည့်စုံသော ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထူးချွန်ထက်မြက်သောလူငယ်များဖြစ်ရန် အမြော်အမြင်ရှိရမည်၊ မေတ္တာတရားရှိရမည်၊ ဆက်ဆံမှုကောင်းရမည်၊ သတ္တိရှိရမည်၊ အပြုသဘော မျိုးဆောင်ရမည်၊ တီထွင်ဖန်တီးလိုသည့်စိတ်ရှိရမည်၊ ဖွဲလုံ့လရှိပြီး စိတ်အားထက်သန်မှုရှိရမည်ဆိုသည့် အချက် ခုနစ်ချက်နှင့် ပြုမူကျင့်ကြံကြရန်လိုကြောင်း။

### ပေးအပ်လှူဒါန်း

မေ ၉ ရက်က နေပြည်တော်ကောင်စီနှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးနိုင်ရေး စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက်အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ်သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူလတာဝန်အပြင် စာကြည့်တိုက် လုပ်ငန်းများကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်တစ်တိုက် အောင်မြင်အောင်ဆောင်ရွက်မည်ဆိုလျှင် စာကြည့်တိုက် အဆောက်အအုံ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းသူ၊ ရန်ပုံငွေ၊ စာကြည့်တိုက်မှူးဆိုသည့် အချက်ငါးချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်ခြောက်တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် စာကြည့်တိုက်သုံးတိုက် အသစ်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၄၅၀ စုစုပေါင်း ငွေကျပ် သိန်း ၇၅၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် စာကြည့်တိုက်အသစ် ရှစ်တိုက် ဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၂၀၀ ကို လည်းကောင်း၊ ပဲခူးမြို့နယ် လုပ်ငန်းရှင်များအဖွဲ့၊ တိုင်းဒေသကြီး ဗီဒီယိုအခြေခံလုပ်ငန်းရှင်များအဖွဲ့၊ ပြည်မြို့နယ်လုပ်ငန်းရှင်များအဖွဲ့တို့က စာကြည့်တိုက်အသစ် သုံးတိုက်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၄၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တေးသံရှင် ဝိုင်းလမင်းအောင်က **"လူချွန်လူကောင်း"** သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားတွင် သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## တာချီလိတ်မြို့၌ ရေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး Talk Show ဆောင်ရွက်

တာချီလိတ် မေ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက "ရေထုညစ်ညမ်းမှုလျှော့ချရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆောင်ရွက်သည်။

### ရှင်းလင်းပြောကြား

အဆိုပါ Talk Show အစီအစဉ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က Online အသိပညာပေး Talk Show အစီအစဉ်အား ပြည်သူများ အသိပညာ ဗဟုသုတများ တိုးပွားစေရန်နှင့် ရေထုညစ်ညမ်းမှုအကြောင်း သိရှိစေရန် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းသူက ရေထုညစ်ညမ်းမှုဆိုသည်မှာ သောက်သုံးခြင်း၊ ချက်ပြုတ်ခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ ရေကူးခြင်းနှင့် အခြားသောအရာများ လုပ်ဆောင်၍မရနိုင်သည့် အရာဝတ္ထုများ ရေအရင်းအမြစ်အတွင်း ပါဝင်နေခြင်းကို ဆိုလိုကြောင်း၊ ရေထုညစ်ညမ်းမှုတွင် မြေပေါ်ရေညစ်ညမ်းမှု၊ မြေအောက်ရေညစ်ညမ်းမှု၊ ပင်လယ်ရေညစ်ညမ်းမှုဟူ၍ သုံးမျိုးခွဲခြားနိုင်ကြောင်း၊ စွန့်ပစ်အမှိုက်များ မြစ်၊ ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများမှ စွန့်ပစ်ရေများအား သန့်စင်ခြင်းမပြုဘဲ တိုက်ရိုက်စွန့်ပစ်ခြင်း၊ ရေကြောင်းဖြင့် ကူးသန်းသွားလာမှုများမှ မြစ်များ၊ ပင်လယ်များအတွင်း အမှိုက်များ စွန့်ပစ်ခြင်း၊ စက်ဆီများ ယိုဖိတ်ခြင်းစသည့်တို့ကြောင့် ရေထုညစ်ညမ်းမှုဖြစ်စေနိုင်ကြောင်းနှင့် ရေထုညစ်ညမ်းမှုနောက်ဆက်တွဲ ဆိုးကျိုးများအပြင် ရေထုညစ်ညမ်းမှုကို လျှော့ချစေမည့် နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ် ပြိုင်ပွဲများ ပြုလုပ်ပေး

သထုံ မေ ၁၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပြိုင်ပွဲများ ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး တို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀ တို့က ပြိုင်ပွဲခေါင်းစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်အဖွဲ့ဝင်တို့က စိစစ်အကဲဖြတ်ကာ ဆုများရွေးချယ်ပေးခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်း ဖွင့်လှစ်ပေးလျက်ရှိ

နေပြည်တော် မေ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဖွင့်လှစ်ထားရှိသည့် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တစ်နှစ်သင်တန်းပို့ချပေးလျက်ရှိ**

အဆိုပါ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၆၆ ဦးကို တစ်နှစ်သင်တန်း ပို့ချပေးလျက်ရှိသည်။



တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သတ်မှတ်ထားသည့် သင်တန်းစည်းကမ်းများနှင့်အညီ စနစ်တကျလိုက်နာနေထိုင်၍ ပို့ချပေးသည့် ဘာသာရပ်များအပေါ် ကျေညက်စွာ သိရှိစေရန် မေးမြန်းမှတ်သားခြင်း၊ လေ့လာသင်ယူခြင်းများဖြင့် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာဆောင်များ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးဦးစီးဌာန၏ ပစ္စည်းသိုလှောင်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရုံများနှင့် သိုလှောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ သိုလှောင်ထားရှိသည့် ပစ္စည်းအမျိုးအစားအလိုက် စနစ်တကျထားရှိဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ အစာစက်ရုံများအသင်း၊ အစာစပ်လုပ်ငန်းရှင်များအသင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်၏ မူဝါဒချမှတ်ဆောင်ရွက်နေမှုများနှင့် ပြည်တွင်းဆီစက်များမှ ထွက်ရှိလာမည့် ပဲဖတ်၊ နှမ်းဖတ်များကို မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးချနိုင်ရန် ထည့်သွင်းစီမံဆောင်ရွက်နေမှုများ၊ ပြည်ပမှတင်သွင်းလာသည့် တိရစ္ဆာန်ဆေးဝါးများနှင့် ဆက်စပ်သည့် ပစ္စည်းများအား အမှန်တကယ် လိုအပ်သည့်နေရာများတွင် ထိရောက်စွာသုံးစွဲရေး၊ ပြည်တွင်းထွက်ကုန်များကို ဦးစားပေးသုံးစွဲရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆက်လုပ်ငန်းများအားလုံး ညီညွတ်စွာကြိုးပမ်းရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဌာနပိုင်မြေနှင့် အဆောက်အအုံများပေါ်တွင် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Yangon Wuling Diesel Engine Co., Ltd လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံနှင့် Young Investment Group (YIG)၏ လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး ဌာနပိုင်မြေနေရာများ မူလသဘောတူညီချက်များအတိုင်း စနစ်တကျလိုက်နာ ဆောင်ရွက်ရန်၊ ပြောင်းလဲလာသည့် ရာသီဥတုအပေါ်မူတည်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်တွေ့လုပ်ငန်းခွင်နှင့်ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတင်းမီဒီယာဆိုင်ရာသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် သတင်းမီဒီယာဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းတာဝန်များအကြောင်းနှင့် သတင်းမီဒီယာလုပ်ငန်းများတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်လိုသည့်အကြောင်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က သတင်းသမားများထားရှိရမည့် စိတ်နေစိတ်ထားနှင့် နိုင်ငံတော်အပေါ် သစ္စာရှိသော သတင်းမီဒီယာသမားများ ပေါ်ပေါက်လာစေရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းသမားများလိုက်နာရမည့် ကျင့်ဝတ်နှင့် သတင်းတု၊ သတင်းမှားများ ချေဖျက်နိုင်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် စာရင်းစစ်မှူး ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)က သတင်းမီဒီယာဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်ရုံးဝန်ထမ်းများက သိလိုသည်များကိုမေးမြန်းကြရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

# မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်

မော်လမြိုင် မေ ၁၆

မွန်ပြည်နယ် မော်လမြိုင်ခရိုင်၌ ရေချွေတာ သုံးစွဲရေးဆိုင်ရာ အသိပညာပေး (Talk Show) ကို မေ ၁၄ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမွန်က ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေး Talk Show ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးခိုင်ကျော်က ကမ္ဘာ့ရေနေ့ ဖြစ်ပေါ်လာပုံ၊ ရေ၏ အရေးပါပုံနှင့် ရေချိုရရှိနိုင်မည့် အရင်းအမြစ်များ၊ သက်ရှိသတ္တဝါတိုင်းအတွက် ရေ၏ အသုံးဝင်ပုံ၊ ရေသယံဇာတ ရှားပါးလာခြင်း အဓိကအကြောင်းရင်း၊ ရေလျော့နည်းမှုကို ထိန်းသိမ်းရမည့် နည်းလမ်းများ၊ ရေချွေတာသုံးစွဲခြင်း အကျိုးကျေးဇူးများ၊ ရေထုညစ်ညမ်းမှုမရှိစေရန် ကာကွယ်ရမည့် အကြောင်းအရာများ၊ ညစ်ညမ်းရေထုသုံးစွဲပါက ဖြစ်ပွားတတ်သည့် ရောဂါများနှင့် မြန်မာနိုင်ငံတွင်ရေသယံဇာတများပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် ရေရှည်ထိန်းသိမ်းရမည့် နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတိပြုကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်

သံဖြူဇရပ် မေ ၁၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် မေ ၁၅ ရက် မွန်းလွဲပိုင်းက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့လိုက်လံနှိုးဆော်ရာတွင် သံဖြူဇရပ်မြို့နယ် အတွင်းရှိ ပြည်သူများအားမိုးကြိုကာလတွင် ဖြစ်ပွားတတ်သည့် လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်များကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အသီးသီးရှိ လူစည်ကားရာ နေရာများတွင် အသံချဲ့စက်ဖြင့် လိုက်လံအသိပေး နှိုးဆော်လျက် ရှိကြောင်း မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# စာဖတ်ခြင်းမှ ပညာတတ်ခြင်းသို့

ဗညားဒလ

“ယေဓမ္မာ= အကျိုးတရား ဟူသမျှသည်၊ ဟေတုပ္ပ ဘဝါ-အကြောင်းတရားက အစပြုသည်ဟု၊ တေသံ ဟေတုံတထာဂတာ= ဆရာက အကြောင်းရင်းသဘောကို ဟောကြား၏။ အကြောင်းကြောင့် အကျိုးဖြစ်သော တရားကိုပြပါ၏”

အရှင်အဿဇိထေမြတ်
(ပဥ္စဝဂ္ဂီငါးပါးအနက် တစ်ပါး
အပါအဝင် အဦးဆုံး သံဃာတော်)

**အမှန်တရားကိုမြတ်နိုးခြင်း**

မှန်ကန်မှုအကြောင်းကိုရေးမည်ဟု စိတ်ကူးပေါ်သည်။ မှန်ကန်ခြင်းဟုရေးမှသင့်မည်ဟု တွေးမိပါသည်။ မှန်ကန်မှုဟူသော ဝေါဟာရသည် စာဖတ်သူ၏ နားထဲသို့ ပြေပြေပြစ်ပြစ် ဝင်ချင်မှ ဝင်မည်။ မှန်ကန်ခြင်းက ပျော့အိနေပြီး မှန်ကန်မှုဟူသောစကားလုံးက မာထန်နေသည်ဟု မိမိစိတ်ထဲက ယူဆနေမိသည်။ စာက တစ်လုံးမှ မရေးရသေးခင်မှာပင် အစုခေါင်းစဉ်လေးတစ်ခု အရင်စဉ်းစားရင်း အချက်အလက်များ ပျောက်ပျက်မသွားအောင် ဦးစွာပထမ ချရေးထားလေမှဟု တွေးမိလာသည်။

မှန်ကန်ခြင်း၏ ဆန့်ကျင်ဘက်အရာမှာ အမှားဖြစ်ပေမည်။ အလွဲအမှား၊ အမှားအယွင်း၊ လိမ်ညာခြင်း၊ လှည့်ဖြားခြင်း၊ လှည့်စားမှု၊ မုသားစကား၊ မဟုတ်မမှန်။ အမှန်တရားကိုကား သစ္စာဟု ဆိုကြသည်။ သစ္စာတွင် ပရမတ္ထသစ္စာနှင့် သမုတိသစ္စာဟု နှစ်ပိုင်းရှိကြောင်းကို စာဖတ်သူလည်း သိပြီးဖြစ်ပေမည်။

သူတစ်ပါးကို လိမ်ညာမုသားဆို၍ ရယ်စရာအဖြစ်သဘောအနေနှင့်ပင် မပြောလေနှင့်ဟု မြတ်စွာဘုရားက တိကျပြတ်သားစွာ တားမြစ်တော်မူခဲ့သည်။ ဘုရားဆုကို ပန်ဆင်ပြီးသည့်နောက်တွင် ဘဝပေါင်းများစွာဖြစ်လေရာ၌ မုသာဝါဒ မမှန်မကန်ပြောဆိုခြင်းမျိုးကို အလေးထား၍ ဘုရားလောင်းက သတိထားရှောင်ရှားခဲ့သည်ဟု မိမိတို့ အလယ်တန်းပြဆရာ မြန်မာစာပြဆရာက သင်ကြားခဲ့၏။ အမှန်တရားက တန်ဖိုးမြင့်မားသည်။ အမှန်တရားကိုသာ ဂေါတမမြတ်စွာဘုရားက တန်ဖိုးထားသည်။ ဒေသနာတော်များစွာတို့မှာ မုသာဝါဒကို ရှောင်ရှား၍ သစ္စာတရားကိုသာ လိုက်နာကျင့်သုံးရန် အားပေးတော်မူခဲ့သည်။ ဤအချက်သည် ဘုရားရှင်က တီထွင်ဖန်တီးသော အသစ်အဆန်းကား မဟုတ်၊ ရှေးရှေးသော ပညာအမြော်အမြင်ရှိသူများကလည်း သိရှိနားလည်ပြီး လူသားမျိုးနွယ်ဆက်အဆင့်ဆင့်သို့ လက်ဆင့်ကမ်း သင်ကြားခဲ့သော အမူအကျင့်၊ လူကျင့်ဝတ်၊ စည်းကမ်းပင် ဖြစ်ခဲ့လေသည်။ အောင်ခြင်းရှစ်ပါး အပါအဝင် အာဠဝကဘီလူးကြီးကို ချွတ်ခန်းတွင် ဘွဲ့ဖြူလက်နက် အစွမ်းထက်ဆုံးအရာအပါအဝင် မီးကျီးမိုး၊ ပြာပူမိုး၊ ရွှံ့ညွန်မိုး၊ လက်နက်မိုး စသည့်ဆယ်မျိုးသော လက်နက်များနှင့် မြတ်စွာဘုရားကို တစ်ညလုံးလုံး အဆက်မပြတ် မရပ်မနားတိုက်ခိုက်ချေမှုန်း ဒေါသဟုန်းဟုန်းဖြင့် ရန်မူပါသော်လည်း လုံးဝရန်တုံ့မမူဘဲ မေတ္တာဓာတ်ပို့လွှတ်တော်မူသော ဗုဒ္ဓကို ခက်ခဲသောမေးခွန်းပုစ္ဆာများ မေးမြန်းခြင်းအားဖြင့် စဉ်းစားရကျပ်ကာ ရူးသွပ်မူးနောက်၊ ဒုက္ခရောက်အောင် နှိပ်စက်မည်ဟု မေးခွန်း(၈)ခုကို မေးမြန်းခဲ့၏။ မြတ်စွာဘုရားက အလွယ်တကူပင် ရှင်းလင်းထင်ရှားစွာ အာဠဝကဘီလူး ကျေနပ်လက်ခံအောင် ဖြေပေးနိုင်ခဲ့ရုံမျှမက နောက်ထပ်ခက်ခဲသော သူသိချင်နေသည့် ပုစ္ဆာ(၅)ပုဒ်ကို ဖြည့်စွက်၍ ဖြေကြားပေးရန် တောင်းပန်ပြန်လေသည်။

နောက်ထပ် မေးခွန်းပြဿနာ(၅)ခုကိုလည်း မြတ်စွာဘုရားက ဘီလူးကြီး နှစ်သက်အားရ ဘဝင်ကျအောင် ဖြေပြနိုင်ခဲ့လေသည်။ အာဠဝကသုတ္တံက ပညာရှိများ ဆက်လက်လေ့လာသင့်အောင် စိတ်ဝင်စားစရာကောင်းသော ရတနာဘဏ္ဍာတိုက် ပမာဖြစ်ပါသည်။ ဤနေရာတွင် စပ်ဆိုင်သမျှကိုသာ ကောက်နုတ်ဖော်ပြလိုပေသည်။ မေးခွန်း(၁၃)ပုဒ်အနက် ဤမေးခွန်းလည်း တစ်ချက်အပါအဝင် ဖြစ်ခဲ့သည်။ “လောက၌ အရသာတကာတို့တွင် အဘယ်အရာသည် သာလွန်ကဲပို အချိုမြိန်ဆုံး အရာပေနည်း” ချက်ချင်းပင် မြတ်စွာဘုရားက တစ်ခွန်းတည်း အဖြေပေးသည်။

**“သစ္စာ”**

သစ္စာဟူသော မှန်ကန်ခြင်း။ အကြောင်းရင်းကိုလည်း အကျယ်မရှင်းပါ။ အကျိုးတရားကိုလည်း ဋီကာမချဲ့ပါ။ အာဠဝကဘီလူးသည် ဉာဏ်ရည်မြင့်မားထက်မြက်သော နတ်ဘီလူးကြီးဖြစ်သည်။ တန်ခိုးအာဏာကြီးမားသဖြင့် မာန်မာန၊ ဒေါသထောင်လွှားခက်ထန်သူဖြစ်သော်လည်း ချက်ဆို

> **“ သစ္စာဟူသော မှန်ကန်ခြင်း။ အကြောင်းရင်းကိုလည်း အကျယ်မရှင်းပါ။ အကျိုးတရားကိုလည်း ဋီကာမချဲ့ပါ။ အာဠဝကဘီလူးသည် ဉာဏ်ရည်မြင့်မားထက်မြက်သော နတ်ဘီလူးကြီးဖြစ်သည်။ တန်ခိုးအာဏာကြီးမားသဖြင့် မာန်မာန၊ ဒေါသထောင်လွှားခက်ထန်သူဖြစ်သော်လည်း ချက်ဆို နားခွက်က မီးတောက်သည်။ တစ်ခွန်းတည်းသောစကားကို ဖြေရုံမျှဖြင့် အကျယ်ကို ဆင်ခြင်မြော်မြင်နိုင်သူဖြစ်သည်။ အမှန်တရား၏ အရသာတကာတို့တွင် အချိုမြိန်ဆုံးသောအရာဟု မြတ်စွာဘုရား အဖြေပေးခြင်း၏ နက်နဲကျယ်ဝန်းပုံ၊ မှန်ကန်တိကျပုံ၊ အပိုအလိုမရှိ၊ ထင်ရှားပေါ်လွင်စေနိုင်ပုံကို သဘောပေါက်လေသည် ”**

နားခွက်က မီးတောက်သည်။ တစ်ခွန်းတည်းသောစကားကို ဖြေရုံမျှဖြင့် အကျယ်ကို ဆင်ခြင်မြော်မြင်နိုင်သူဖြစ်သည်။ အမှန်တရား၏ အရသာတကာတို့တွင် အချိုမြိန်ဆုံးသောအရာဟု မြတ်စွာဘုရား အဖြေပေးခြင်း၏ နက်နဲကျယ်ဝန်းပုံ၊ မှန်ကန်တိကျပုံ၊ အပိုအလိုမရှိ၊ ထင်ရှားပေါ်လွင်စေနိုင်ပုံကို သဘောပေါက်လေသည်။

ဤမျှ နက်နဲခက်ခဲသောအဖြေကို တစ်မုဟုတ်ချင်း အလွယ်တကူ ချက်ချင်းဖြေပေးနိုင်စွမ်းသည်ကား ဗုဒ္ဓမြတ်စွာဘုရား၏ ဘုန်းတော်၊ ဉာဏ်တော်၊ ကံတော်အဟုန်ကိုပါ သိမြင်တိုင်းဆနားလည်ကြည်ညိုသွားရသည်။ သောတာပန်အဆင့်သို့ ရောက်ရှိသွားတော့သည်။ လူသားစားရမှုလည်း ရှံ့ရှာသွားပြီ။ အစွယ်များလည်း ကြွေကြကုန်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားကို မူးဝေ၊ ထုံထိုင်း၊ ရူးအောင်သွပ်အောင် ကယောင်ကတမ်းဖြစ်စေအောင် ခက်ခဲသော ပုစ္ဆာမေးခွန်းများဖြင့် တိုက်ခိုက်မည်ဟူသော မူလရည်ရွယ်ချက်သည်လည်း ဗုန်းဗုန်းလဲကျ ရှုံးနိမ့်ပျက်ပြားသွားခဲ့ရလေပြီ။

**“အမှန်တရား”**

အမှန်တရားသည်သာ လောကတစ်ဝန်းတွင် အရသာတကာတို့ထက် ပိုမိုချိုမြိန်သော အချိုမြိန်ဆုံးအရာပေတကား။ အမှန်တရားလောက် အရသာထူးကဲသော၊ မွန်မြတ်သော၊ အခြားနှိုင်းယှဉ်စရာဘာမှမရှိတော့ပါ။ သိရပါပြီ။ အမှန်တရားသည် လောကမှာ အရသာအရှိဆုံးအရာ။

မှန်ကန်ခြင်းက လောကလူသားများကို အသိ၊ ဉာဏ်ပညာ အလင်းရောင်ထွန်းပြောင်စေပါသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ အမိုက်အမှောင်မှ အလင်းရောင်ဆီသို့ အမှန်တရားက ပို့ဆောင်ပေးနိုင်လေသည်။ အမှန်နှင့် အမှားသည် သီးခြားတစ်ဖက်စီတည်နေသည်။ အမှန်သည် အမှားမဟုတ်။ အမှားသည် အမှန်မဟုတ်။ အမှန်နှင့်အမှားကို ကွဲပြားစွာခွဲခြားသိသောအရာ ဉာဏ်ပညာက အရေးကြီးလှပါပေသည်။ အမှန်နှင့် အမှားကို ခွဲခြားတတ်ရန်လိုသည်။

သစ္စာတရားကို မြတ်နိုးစွာ ပွေ့ဖက်ရမှာဖြစ်ပါသည်။ သစ္စာတရားက ကျွန်ုပ်တို့ ရွေးချယ်ကျင့်သုံးရမည့်အရာဖြစ်ပါ၏။ အမှန်တရားကိုသာ မြတ်နိုးတတ်ပါစေ။ အမှန်သည် မှားသလိုဖြစ်၍ အခါးကိုချိုသည်ဟု ထင်မှတ်နေသူများလည်း ဤလောကတွင် အလွန်ပင် ပေါများလှသေးသည်။ လူတချို့သည် လိမ်ညာလှည့်စားသူများ၏ ပြောစကား၊ ရေးသားချက်၊ ကွယ်ဝှက်ပြသချက်များကြောင့် အမှောင်ထုအတိ၊ အမြင်မှန်မရှိ အမှန်မသိဘဲ ဝဲလှည့်နေကြသည်။

သစ္စာဟူသော အမှန်တရား၏ စွမ်းအားကြီးမားပုံကို မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၊ ဇာတ်ဝတ္ထုနိပါတ်တော် ငါးရာကျော်တွင် ပါရှိပါ၏။ ထင်ရှားသော သာဓက အထောက်အထားများ တွေ့ရှိနိုင်ပါ၏။

အင်းဝခေတ် စာဆိုအကျော် ဆရာတော် အရှင်မဟာသီလဝံသ (၁၄၅၃-၁၅၂၀)က ဤကဲ့သို့ ပင်ရေးဖွဲ့တော်မူဖူးသည် မဟုတ်လော။

“ကတိသစ္စာ၊ တည်သောခါဝယ်
ရသာလေးနက်၊ ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏”

(ဆရာတော် အရှင်မဟာသီလဝံသသည် ထင်ရှားကျော်ကြားသော အင်းဝခေတ် စာဆိုအကျော်ဖြစ်သကဲ့သို့ ပြုစုရေးသားတော်မူသော ကျမ်းစာများကို ဝေဖန်သုံးသပ်သူ ပညာရှိများက ရဟန္တာတစ်ပါးဖြစ်ကြောင်း သက်သေအထောက်အထားများပင်ရှိသည်ဟု ဆိုသူက ဆိုကြပါသည်။)

မှန်ကန်ခြင်းအရာသည် လူ၏ ကာယကံ၊ ဝစီကံနှင့် မနောကံဟူသော ကံသုံးပါးနှင့် အားလုံးသက်ဆိုင်ပါ၏။ **အတွေး**၊ စဉ်းစားပုံ၊ ရှုမြင်ပုံမှာလည်း မှန်ကန်ရသည်။ **အပြော**၊ စကားပြောဆိုရာမှာလည်း မှန်ကန်ရသည်။ **အလုပ်**၊ ကာယကံ ပြုမူလုပ်ဆောင်ရာတွင်လည်း မှန်ကန်ရမှာ ဖြစ်ပါသည်။

စကားအရာ ပြောဆိုရာတွင် စံထားရသော အခြေခံသဘောတရားများ ရှိထားပါသည်။

၁။ **မှန်ကန်ရမည်။**
၂။ အကျိုးရှိရမည်။
၃။ သူနှစ်လိုရမည်။
၄။ တရားနှင့်စပ်သည့် အကြောင်းရပ်ဖြစ်ရမည်။
၅။ ချစ်ဖွယ်သောစကားဖြစ်ရမည်။
၆။ သန့်ရှင်းသေချာ၊ တိကျပြတ်သားစွာ ပြောရမည်။
၇။ မတို မရှည်၊ မပို မလို ပြောရမည်။
၈။ ပြုံးရွှင်မှု ရေးရှုထား၍ ပြောရမည်။
၉။ ယဉ်ကျေးသော ဓလေ့ထုံးနှင့် ပြောရမည်။
၁၀။ အခြေအနေ၊ အချိန်အခါ၊ ပုဂ္ဂိုလ်နှင့် ဆီလျော်ရမည်။

မှန်ကန်ခြင်းသဘောမှာ အကြောင်းလည်း မှန်ရမည်။ အကျိုးလည်း မှန်စေရမည်။ ဤနေရာတွင် စကားအလျဉ်းသင့်သဖြင့် သိပ္ပံပညာထွန်းကားခဲ့ပြီးသောအချိန်တွင် လူသားများ အသိအမြင်၊ အလင်းပွင့်လင်းလာသောအခါ သိပ္ပံနည်းကျ၊ စနစ်တကျ အဖြေရှာတတ်ခြင်းမှာ ဖွံ့ဖြိုးလာခဲ့ပါသည်။ ဥပမာ- အယ်လ်ဂိုရစ်သမ်(Algorithm) ပြဿနာကို ဖြေရှင်းနည်း။ အဖြေဖော်ထုတ်ရာတွင် လိုက်နာရသည့် စည်းကမ်း၊ လုပ်နည်းစနစ်ရှိရခြင်း၊ သိရခြင်း ပညာရပ် ဖြစ်ပါသည်။

အသိဉာဏ်ခေါင်းပါးသူတချို့၊ ပညာမဲ့သူတချို့ အယ်လ်ဂိုရစ်သမ် သဘောကိုပင် လုံးဝနားမလည်ဘဲ ဒီမိုကရေစီစနစ်ထွန်းကားဖွံ့ဖြိုးရေး (Democratization Process) လုပ်ငန်းစဉ်တစ်ရပ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နေခြင်းကို ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်သဖွယ်ဖြစ်သော လက်နက်ကိုင် ဆန့်ကျင်ပုန်ကန်ခြင်းနည်းဖြင့် ထိပ်တိုက်စစ်ရေးနည်းအရ ဖြေရှင်းခြင်းမျိုး ဖြစ်ပေသည်။ အသက်ချင်းလု၍ လက်နက်ကိုင်စစ်ခင်းရခြင်း၊ ရန်ပြုရခြင်း၏ မူလရည်ရွယ်ချက်က စနစ်အတွက်မဟုတ်ဘဲ လူပုဂ္ဂိုလ်စွဲ ကြိုက်နှစ်သက်ခြင်းအပေါ်မှာပဲ အခြေခံခဲ့ပါသည်။ အကြောင်းလည်း မသိ၊ အကြောင်းကလည်း မမှန်။ အသိဉာဏ်နည်းသော် **ပုဂ္ဂိုလ်ဟူသည်က မမြဲ။ ဓမ္မဆိုသည်က မလွဲ။** ဒါကိုတော့ လက်ခံရမည်။

ဤကဲ့သို့ အယ်လ်ဂိုရစ်သမ် ခေါ် ပြဿနာဖြေရှင်းနည်းနှင့် ကြည့်လျှင်ပင် ပုစ္ဆာကလည်းမှား၊ အဖြေကလည်းလွဲမှား၊ ဘဝများ၊ အသက်များနှင့် ရင်း၍ သိသိသာသာ ထင်ထင်ရှားရှား မှားယွင်းနေခြင်းမျိုးသည်လည်း မြေပြင်တွင် ရှိနေတတ်သည်။ သြော်… မှားလေစွတကား။ မြတ်စွာဘုရားအဖြစ်ကို ရောက်တော်မူပြီး ပဥ္စဝဂ္ဂီငါးဦးကို တရားဦး ဓမ္မစကြာသုတ်ကို ဟောတော်မူရာတွင် အခြေခံအကျဆုံး အချက်မှာ သစ္စာလေးပါး ဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်များအားလုံး သိပြီးအကြောင်းနှင့် အကျိုး၏ ဆက်နွယ်ပုံ သဘောတရားဖြင့် ထင်ရှားပါ၏။

၁။ အရှိတရားအကျိုးက **ဒုက္ခသစ္စာ**
၂။ အကြောင်းတရားက **သမုဒယသစ္စာ**
၃။ အရှိတရားအကျိုးက **နိရောဓသစ္စာ**
၄။ (အထက်ပါ အကျိုးနှင့်အကြောင်းကို သိမြင်သဘောပေါက်ပါက ဆက်လက်နားလည်ကျင့်သုံးရမည့် လမ်းကြောင်း အမှန် (၈) ချက်က)

**ကျင့်သုံးရမည့်အကြောင်း မဂ္ဂသစ္စာ**

မြတ်စွာဘုရားက တရားတော်(ပရိယတ္တိသာသနာ) လမ်းညွှန်ပြ၏။ ကျွန်ုပ်တို့က လိုက်နာကျင့်သုံး(ပဋိပတ္တိသာသနာ) နေ့စဉ်ဘဝတွင် မှန်သောအမြင်၊ မှန်သောအယူ၊ မှန်သောအပြော၊ မှန်သောအလုပ်၊ မှန်သော အသက်မွေးဝမ်းကျောင်းခြင်း၊ သမ္မာအာဇီဝ စသည်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသိ ပထမရအောင် လေ့လာနာယူဆည်းပူးကြရပါသည်။ အသိသည် အသိသာဖြစ်၍ အကျင့်မဟုတ်သေးပေ။ အမှန်တကယ် လိုက်နာကျင့်သုံးပြုမူကြသောအခါမှသာ ပန်းတိုင်ရည်ရွယ်ရာ (ပဋိဝေဓသာသနာ)သို့ မုချဆိုက်ရောက်ပါလေသည်။

**အသိမရှိ၊ အသိမမှန်လျှင် ဆင်းရဲနွံထဲနစ်ဦးမည်။**

အရှေ့တောင်အာရှ ၁၀ နိုင်ငံတွင် တစ်ဦးချင်း၏ ဝင်ငွေအနေပဲ ကြည့်ကြည့်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်နိုင်မှု ဝင်ငွေ၊ ရငွေကိုပင် ကြည့်ကြည့်

စာမျက်နှာ ၁၁ သို့ ❍

# နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးပြီး ဆေးရုံ ဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးခြင်းနှင့် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

သထုံ မေ ၁၆

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား တောင်သူနည်းပညာပေးဆွေးနွေးခြင်းနှင့် မျိုးစေ့ထုတ်တောင်သူများ အတွက် RS မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောခင်ကျော်မြင့်က တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် RS မျိုးစပါးများ ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်က မျိုးစေ့ချကိရိယာ အခမဲ့ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လက်ဆွဲကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားရာ တောင်သူများက သိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က မိုးစပါးအထွက်နှုန်းတိုးမြင့်ရေး ဆွေးနွေးအမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သထုံမြို့နယ်အတွင်းမိုးစပါး(RS–CS)မျိုးစေ့ထုတ်တောင်သူများ၏ စံပြစိုက်ကွက်ဧက ၅၀ အတွက် ပေါ်ဆန်းယဉ် RS မျိုးသန့်မျိုးစပါး တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် တင်းပေါင်း ၅၀၊ တောင်သူ ၁၀၀ တို့အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က အခမဲ့ထောက်ပံ့သည့် မျိုးစေ့ချကိရိယာ ၁၀၀ တို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မော်ဘီမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များရွေးချယ်

ရန်ကုန် မေ ၁၆

အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကျေးလက်နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း များကို ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လိပ်ပွတ်ကျေးရွာအုပ်စုနှင့် ညောင်ကုန်းကျေးရွာအုပ်စုတို့တွင် စီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ခြင်းတို့ကို မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းတွေ့ဆုံ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ကျေးရွာနေပြည်သူများအား စီမံကိန်းလုပ်ငန်း၏ လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပေးခြင်းတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ပြောကြားသည်။

ဆက်လက်၍ကျေးရွာကော်မတီဝင်များ ရွေးချယ်ခြင်းကို ကျေးရွာနေ ပြည်သူများ၏ ဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်အတည်ပြု ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်၌ မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကျင်းပ

တနင်္သာရီ မေ ၁၆

တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့ကကြီးမှူး၍ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို)အဖြစ် မူးယစ်ဆေးဝါး ပပျောက်ရေး မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အထက(တနင်္သာရီ)၌ ကျင်းပသည်။



အဆိုပါ ပန်းချီပြိုင်ပွဲသို့ အထက(တနင်္သာရီ)၊ အထက (မော်တုန်း)၊ အမက(တပ်ဦး)နှင့် အမက(ချောင်းငယ်) တို့မှ အထက်တန်းအဆင့် ရှစ်ဦး၊ အလယ်တန်းအဆင့် ခြောက်ဦးနှင့် မူလတန်းအဆင့် ၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀ တို့က "မူးယစ်ရန်စွယ် အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"၊ "မူးယစ်ဆေးဝါး ကာကွယ်ရေး အသိပညာမြှင့်တင် ပေး"၊ "မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"၊ "ဉာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"၊ "လူ့ဘောင်သာယာ လှပဖို့ နွေးထွေးပွေ့ဖက် ဖေးမလို့ မူးယစ်စွဲသူကူညီစို့" စသည့် ခေါင်းစဉ်များဖြင့် စိတ်ဝင်တစားလာရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ရေတာရှည် မေ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ဆည်ရေသောက်၊ မြေအောက်ရေ၊ မြစ်ရေတင်(လျှပ်စစ်၊ ဆီလာ)စနစ်တို့ဖြင့် နွေစပါးစုစုပေါင်း ဧက ၁၉၉၄၀ စိုက်ပျိုးထားသည့်အနက် အထွက်နှုန်းမှန်ကန်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ဦးဆောင်၍ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီက ကွင်းကြီးကျေးရွာအုပ်စု အမတ်ကြီးခုန်ကျေးရွာ ကွင်းအမှတ်(၆၂၇) တောင်သူ ဦးသိန်းဟန်၏ သုည ဒသမ ၁၀ ဧက နှံကောက်စပါးမျိုး စိုက်ခင်းအား(သင့်) ကိုယ်စားပြုစံကွက်အဖြစ် ရွေးချယ်၍ ကျင်းပသည်။

ထိုသို့ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ဆွာဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခဲ့သည့် တောင်သူ ဦးသိန်းဟန်၏ နွေစပါးစံကွက်တွင် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက အနီးကပ်ကြီးကြပ်၍ နှံကောက်စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့ပြီး တစ်ဧက စပါးအထွက်နှုန်း(အစို) ၁၃၅ ဒသမ ၂၅ တင်း ထွက်ရှိသည်။

ရေတာရှည်မြို့နယ်၌ နွေစပါးစုစုပေါင်း ဧက ၁၉၉၄၀ စိုက်ပျိုးအောင်မြင်လျက်ရှိပြီး နွေစပါး အထွက်နှုန်း ကောင်းမွန်လျက်ရှိကာ တောင်သူများ ဈေးကောင်းရရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

○ စာမျက်နှာ ၁၀ မှ

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အမှတ်စဉ်(၁၀) အနိမ့်ဆုံးသော အောက်ဆုံးနေရာသို့ ရောက်ရှိနေလေပြီ။ လောကဓံသဘောအရ အမှန်တရားကို ရင်ဆိုင်ကြရမည်။ အကျဘဝရောက်ခဲ့ရာမှ အတက်ဘဝ ရောက်နိုင်ရလေအောင် နိုင်ငံနှင့်လူမျိုး၏ တိုးတက်စေမည့် အကြောင်းရင်းခံအမှန်တရားကို သိမြင်နားလည်ကြရပါမည်။

**ပစ္စည်းဥစ္စာဆင်းရဲခြင်းက ကြိုးစားရှာဖွေရ၏။**

**အသိဉာဏ်ပညာမွဲခဲ့ခြင်းက ပိုမိုကြိုးစားရမည်ဖြစ်ပါပေသည်။**

အသိပညာလွယ်လွယ်ကူကူ၊ ဈေးချိုချို(အခမဲ့) နီးနီးနားနား ဘယ်လိုရနိုင်ပါအံ့နည်း။ စာဖတ်ခြင်းမှ အသိပညာ၊ ဗဟုသုတများ ကောင်းစွာရရှိနိုင်ပါသည်။ စာအုပ်စာပေထဲမှာ ရှေးက ပညာရှိသူတော်ကောင်းများ၊ ပညာရှင်များ ပြည့်နှက်ရေးသားထားပါ၏။ မကြည့်လို့ မသိကြ။ စာကြည့်တိုက်မှာ အချိန်ပေး၍ စာပေလေ့လာဖတ်ရှုကြပါက မိမိတို့ပြန်လည်နိုးကြား တိုးတက်လာရပေမည်။

နိဂုံးချုပ်ပါမည်။

**"သမဂ္ဂါနံ တပေါသုခေါ"**

ညီညွတ်စည်းလုံးခြင်းအကျင့်က ချမ်းသာခြင်းကို ဆောင်၏။

**"Unity is Strength"**

စည်းလုံးညီညွတ်ခြင်းကား အင်အားတည်း။

**"သဒိသံပါကံဇနေတိ"**

အတိတ်ကံဖြစ်စေ၊ ပစ္စုပ္ပန်ကံဖြစ်စေ မိမိပြုသော အကောင်း၊ အဆိုး ပြုလုပ်မှု (ကံအတိုင်း ကောင်းကျိုး ဆိုးကျိုးကိုသာ ရမြဲဓမ္မတာဖြစ်ပါပေ၏။)

"The first duty of a Revolutionary is to be Educated"

Ernesto Che Guevara


"တော်လှန်ရေးသမားတစ်ယောက်၏ ပထမဦးဆုံးသော တာဝန်သည် ပညာတတ်ဖြစ်အောင် လုပ်ရမည်ဖြစ်ပါသည်။"

**ကမ္ဘာကျော် အာနက်စတို ချေဂွေဗားရား**

(၁၉၂၈–၁၉၆၇)(ကျူးဘားနှင့်လက်တင်အမေရိကတော်လှန်ရေးခေါင်းဆောင်)

အစရှိသော အမှန်တရားများ၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ ဆောင်ရန်ရှောင်ရန်များကို လူငယ်တချို့အပါအဝင် ပြည်သူအများသည် စာအုပ်စာပေထံမှ အလင်းရောင်စွမ်းအင်ဖြင့် သိမြင်ကြပါလိမ့်မည်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံကြည့်ရှုအားပေး



**လွိုင်ကော် မေ ၁၆**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ လိုက်ပါ၍ လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ ခုတင် ၇/၁၀၀ ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊စစ်သည်နှင့်မိသားစုဝင်များ၊နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများကို လူနာတစ်ဦးချင်း၏ရောဂါအခြေအနေများကို အသေးစိတ်မေးမြန်းကာ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**ထောက်ပံ့လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်ဆေးရုံရှိ လူနာများအတွက် လိုအပ်သောဆေးပစ္စည်းများ၊ သောက်ရေသုံးရေအဆင်ပြေမှုရှိစေရေးအတွက် ဂါလန် ၈၀၀ ဆံ့ ရေစင်နှင့် ထောက်ပံ့ငွေကျပ် ၅၀၄၀၀၀၀ အား ထောက်ပံ့လှူဒါန်းခဲ့ရာ တပ်မတော်ဆေးရုံ တပ်မှူးက လက်ခံခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့က လူနာများနှင့် တပ်မတော်ဆေးရုံအတွက် စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် သိန်း ၁၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# လေးခန်းတွဲ ယောဂီကျောင်းဆောင်အတွက် အလှူငွေပေးအပ်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဇျက်ကြီးကျေးရွာ သာသနာလင်္ကာရ မိုင်းဖုန်းကျောင်းတိုက်၌တည်ဆောက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာဝိပဿနာ တရားရိပ်သာစင်တာတွင် လေးခန်းတွဲယောဂီကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် ကုန်ကျမည့်ငွေကျပ် သိန်း ၇၀၀ ကို ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) က မေ ၁၅ ရက်တွင် အဆိုပါကျောင်းတိုက်၌ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# နွေရာသီကင်းထောက်သင်တန်းသားများ လေ့လာရေးနှင့် လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုများ ဆောင်ရွက်

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူငယ်ရေးရာ ကော်မတီမှ ကြီးမှူးကျင်းပသည့် နွေရာသီကင်းထောက်သင်တန်းမှ သင်တန်းသားများ ယနေ့နံနက်ပိုင်းတွင် လေ့လာရေးနှင့် ကွင်းဆင်းလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။



မိမိပတ်ဝန်းကျင်မှသည် မိမိပြည်နယ်၊ မိမိနိုင်ငံအတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်သော လူငယ်လူရွယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၅၀ အား နည်းပြဆရာ ဆရာမ ၁၅ ဦးက နွေရာသီကင်းထောက်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းသားများသည် ဘားမဲတောင်သဘာဝဥယျာဉ်ရှိ မြို့ပေါ်ရေပေးဝေရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာရာ ရေပေးဝေရေးတာဝန်ရှိသူတစ်ဦးက ဘားမဲတောင်ရေပေးဝေရေး လုပ်ငန်းတွင် ရေဂါလန် ၉၆၀၀၀၀ ဆံ့ ရေများသိုလှောင်ပြီးလျှင် ရေများသန့်စင်ပြီး မြို့ပေါ်ရပ်ကွက်များအားဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ရေသန့်စင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ရာ သင်တန်းသားသင်တန်းသူများက ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများသည် အဖွဲ့များခွဲကာ မိမိတို့သင်ကြားထားသောပညာများဖြင့် ကိုယ်ပိုင်တဲထိုးခြင်း၊ အစားအသောက်နှင့် ရေရှာဖွေခြင်းစသော စခန်းထွက်လေ့ကျင့်ခြင်းများနှင့် လက်တွေ့ကျသည့်ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ကင်းထောက်သင်တန်းကို မေ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**




# အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**သုံးခွ မေ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် မိချောင်းကန်ကျေးရွာအုပ်စုတွင် ယမန်နေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်(၃)ဖြင့်အိမ်ထောင်စုနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် ဒု- လဝကမှူး ဦးမျိုးမြတ်ဇော်က ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသား ဥပဒေအကြောင်းအရာများ၊ ပန်းခင်းစီမံချက်အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအားလိုအပ်သောသက်သေခံအထောက်အထားများ၊ စာရွက်စာတမ်းများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# လှိုင်မြို့နယ် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း၌ဆောင်ရွက်ပေးလျက်ရှိပြီး မေ ၁၅ ရက်က အမှတ်(၆)ရပ်ကွက်ဇေယျဝတီကျောင်းတိုက်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူကတ်ပြား ကိုင်ဆောင်ထားသည့် မည်သူ့ကိုမဆို ဆောင်ရွက်ပေးလျက်ရှိပြီး ကောက်ယူခြင်းလုပ်ငန်းများကို လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဘုန်းကျော်(လက်ထောက်ညွှန်ကြားရေးမှူး)၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူ၍ Data base တွင် သိမ်းဆည်းကာ မတူညီဂဏန်း ၁၀လုံးပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ ကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**ပေါင် မေ ၁၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ပေါင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်နှင့်ဝန်ထမ်းများက အသံချဲ့စက်နှင့် မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ လေပြင်းဘေးအန္တရာယ်



နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရန်/ရှောင်ရန်အချက်များကို သတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**မွန်မလေး (ပြန်/ဆက်)**


# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးပုံကို ထပ်လောင်း အတည်ပြု

ပေကျင်း မေ ၁၆

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ပေကျင်းမြို့တော်၌ နှစ်နိုင်ငံ ထိပ်သီး အစည်းအဝေးကျင်းပပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးပုံကို ထပ်လောင်းအတည်ပြုကြသည်။

ရုရှားသမ္မတ ပူတင်သည် တရုတ်နိုင်ငံသို့ နှစ်ရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် မေ ၁၆ ရက် နံနက်အစောပိုင်းတွင် ပေကျင်းမြို့တော်သို့ ရောက်ရှိခဲ့သည်။ အဆိုပါခရီးစဉ်သည် မေ ၇ ရက်တွင် ၎င်း၏ ပဉ္စမအကြိမ် သမ္မတသက်တမ်း စတင်ချိန်မှစ၍ ပထမဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် သမ္မတ ပူတင်၏ ပဉ္စမအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ဂုဏ်ယူပါကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။ ရုရှားနိုင်ငံသည် ပူတင်၏ ခေါင်းဆောင်မှုအောက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် တိုးတက်မှုအသစ်နှင့် အလားအလာကောင်းများ ရရှိလာမည်မှာ သေချာကြောင်း ရှီက ပြောကြားသည်။



ခေါင်းဆောင်နှစ်ဦးသည် လွန်ခဲ့သော နှစ်များအတွင်း အကြိမ် ၄၀ ကျော် တွေ့ဆုံခဲ့ပြီး နီးကပ်စွာ အဆက်အသွယ်ရှိသည်။ ပေကျင်းသည် မော်စကိုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဟုလည်း ရှီကျင့်ဖျင်က ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်ရေးသည် နှစ်နိုင်ငံ၏ အခြေခံအကျိုးစီးပွားအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေကြောင်း သမ္မတရှီ၏ ပြောကြားချက်ကို ကိုးကား၍ အစီရင်ခံစာများတွင် ဖော်ပြသည်။

ရုရှားနှင့် တရုတ်နှစ်နိုင်ငံတို့သည် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သည်ဟု ပူတင်က တုံ့ပြန်ပြောကြားသည်။

ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာနယ်ပယ်တွင် တည်ငြိမ်စေသည့် အဓိကအချက်များထဲမှ တစ်ခုဖြစ်ကြောင်း ပူတင်၏ မှတ်ချက်ကို ရုရှားမီဒီယာများက ဖော်ပြခဲ့သည်။ စီးပွားရေးနှင့် အခြားနယ်ပယ်များတွင် နှစ်နိုင်ငံဆက်ဆံရေး၏ အရေးပါမှုကိုလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်မှုကို ခိုင်မာစေရန်ရည်ရွယ်ပြီး အမေရိကန်နှင့် ဥရောပနိုင်ငံများကို အနီးကပ်စောင့်ကြည့်သွားရန်နှင့် နှစ်နိုင်ငံစလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ဟားမတ်စ်စစ်သွေးကြွအဖွဲ့အား သီတင်းပတ်အနည်းငယ်အတွင်း ချေမှုန်းမည်ဟု နေတန်ယာဟုပြောကြား

ဂျေရုဆလင် မေ ၁၆

အစ္စရေးတပ်ဖွဲ့က ရာဖာတွင် ဆင်နွှဲနေသည့် စစ်ဆင်ရေးသည် လချီ နှစ်ချီ၍ ကြာမြင့်မည့် စစ်ပွဲမဟုတ်ဘဲ သီတင်းပတ်အနည်းငယ်အတွင်း ဟားမတ်စ်စစ်သွေးကြွအဖွဲ့အား ချေမှုန်းနိုင်မည့် စစ်ပွဲဖြစ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

အစ္စရေးနှင့် အမေရိကန်ကြားတွင် သဘောထားကွဲလွဲမှုများရှိသော်လည်း အစ္စရေးအနေဖြင့် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အရပ်သားများခိုလှုံနေသည့် ရာဖာတွင် အစ္စရေးတပ်ဖွဲ့က စစ်ရေးတိုက်ခိုက်မှုများ ဆောင်ရွက်ပါက အမေရိကန်က အစ္စရေးအား လက်နက်ထောက်ပံ့နေခြင်းကို ရပ်ဆိုင်းမည်ဟု သမ္မတ ဘိုင်ဒင်က ပြောကြားခဲ့သည်။ မိမိတို့သည် ဂါဇာဒေသရှိ ပစ်မှတ် ၈၀ ခန့်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ဂျဗာလီယာနှင့်ရာဖာတွင်လည်း ဟားမတ်စ်များကို သုတ်သင်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ဂါဇာဒေသတွင် ဆေးခန်းတစ်ခုတိုက်ခိုက်ခံခဲ့ရရာ ဒေသခံ ၁၀ ဦး သေဆုံးကြောင်းနှင့် အခြားတိုက်ခိုက်မှုတစ်ခုတွင်လည်း အရပ်သားများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားဌာနက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခစတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ သေဆုံးသူ ၃၅၂၃၃ ဦး ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# စစ်ဆင်ရေးများရပ်ဆိုင်းရန်အတွက် အစ္စရေးအား ဥရောပသမဂ္ဂတောင်းဆို

ဘရပ်ဆဲလ် မေ ၁၆

အစ္စရေးအနေဖြင့် ရာဖာတွင် ဆင်နွှဲနေသည့် စစ်ဆင်ရေးအားလုံးကို ရပ်ဆိုင်းရန် ဥရောပသမဂ္ဂက တောင်းဆိုကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ဂါဇာတွင် ဖြစ်ပွားနေသည့် ဆိုးရွားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို အစ္စရေးအနေဖြင့် အဆုံးသတ်ပြီး ရာဖာ နယ်စပ်ဖြတ်ကျော်စခန်းကိုလည်း ပြန်လည်ဖွင့်လှစ်သင့်သည်ဟု ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ ကိုယ်စားလှယ် ဂျိုးဇက်ဘော်ရယ်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာတွင် စစ်ဆင်ရေးများ ဆင်နွှဲနေသဖြင့် အရပ်သားများ နေရပ်စွန့်ခွာမှုများပြားလာပြီး အငတ်ဘေးနှင့် လုံခြုံမှုမရှိသည့် ဒေသများသို့ ရွှေ့ပြောင်းရခြင်းစသည့် အကျိုးဆက်များရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အစ္စရေး၏ မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို ဥရောပသမဂ္ဂက အသိအမှတ်ပြုသော်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့်အညီ အရပ်သားများ၏ဘေးကင်းလုံခြုံမှုကို သေချာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအောက်တွင် အစ္စရေးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို အတားအဆီးမရှိ ခွင့်ပြုပေးရမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ဥရောပသမဂ္ဂသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုကို အဟန့်အတားဖြစ်စေသည့် Kerem Shalom နယ်စပ်ဖြတ်ကျော်စခန်းအား ဟားမတ်စ်၏ တိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ နူဆီရတ်ဒုက္ခသည်စခန်းတွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၄၀ ထက်မနည်း သေဆုံး

ဂျေရုဆလင် မေ ၁၆

ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ နူဆီရတ်ဒုက္ခသည်စခန်းတွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၄၀ ထက်မနည်း သေဆုံးပြီး အများအပြားထိခိုက် ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းရုပ်သံက သတင်းဖော်ပြခဲ့သည်။

နူဆီရတ်ဒုက္ခသည်စခန်းတောင်ဘက်ရှိ လူနေအဆောက်အအုံတစ်ခုကို အစ္စရေးတိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများတွင် ကလေးငယ်များပါရှိကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် နူဆီရတ်စခန်းကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။

ဧပြီလနှောင်းပိုင်းတွင် အစ္စရေးစစ်လေယာဉ်များက ဒုံးကျည်အများအပြားဖြင့် နူဆီရတ်ဒုက္ခသည်စခန်းရှိ လူနေအိမ်တစ်လုံးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ကလေးငယ် လေးဦးအပါအဝင် ပါလက်စတိုင်းကိုးဦးထက်မနည်း သေဆုံးပြီး ၃၀ ဒဏ်ရာရခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူ ၃၅၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဟင်းခတ်အမွှေးအကြိုင်များ ရောင်းချသည့်ဈေးအတွင်း မီးလောင်မှုဖြစ်ပွား

အစ္စတန်ဘူလ် မေ ၁၆

တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဟင်းခတ်အမွှေးအကြိုင်များရောင်းချသည့် ဈေးအတွင်း ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

**ငြိမ်းသတ်နိုင်ခဲ့**

အစ္စတန်ဘူလ်မြို့၏ ဟင်းခတ်အမွှေးအကြိုင်များရောင်းချရာဈေးအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင်ဖြစ်ပွားခဲ့သော မီးလောင်မှုအား တာဝန်ရှိသူများက ငြိမ်းသတ်နိုင်ခဲ့ပြီး အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် စားသောက်ဆိုင်ခေါင်မိုးပေါ်တွင် မီးတောက်များ တောက်လောင်လာသဖြင့် အရေးပေါ်သတိပေးချက်ရရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ ရောက်ရှိလာခဲ့သည်။

ဖြစ်စဉ်အတွင်း စားသောက်ဆိုင်ခေါင်မိုးတွင် စွဲလောင်နေသည့်မီးကို ငြိမ်းသတ်ရန် ကြိုးပမ်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ရုပ်မြင်သံကြားသတင်းများတွင် ထုတ်လွှင့်ပြသခဲ့သည်။ ၁၆၆၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် ယင်းဟင်းခတ်အမွှေးအကြိုင်ဈေးအား အီဂျစ်ဈေးဟုခေါ်တွင်ပြီး အစ္စတန်ဘူလ်၏ အကျော်ကြားဆုံးကမ္ဘာလှည့်ခရီးသွားများ လာရောက်သည့်နေရာဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ထန်းတပင်မြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

ရန်ကုန် မေ ၁၆

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက အထက(ထန်းတပင်)ကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပသည်။



**အသိပညာပေးဟောပြော**

ဟောပြောပွဲတွင် အထက (ထန်းတပင်)မှ ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ အကြောင်းအရာများ၊ သစ်တောသစ်ပင်များမှ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း အကြောင်းအရာများ၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးခြင်း အခြေခံနည်းစနစ်များကို မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းနှင့် ဝန်ထမ်းများက သရုပ်ပြရှင်းလင်းပြသကာ ကျောင်းဝင်းအတွင်း ကံ့ကော်ပင် တစ်ပင်နှင့် ခရေပင် နှစ်ပင်တို့အား အမှတ်တရ လက်တွေ့စိုက်ပျိုးပြသပေးခဲ့ပြီး ရန်ကုန်-ပုသိမ် ကားလမ်းမ သီတာအေး(ယာယီ)ပျိုးဥယျာဉ်တွင် သစ်ပင်ပျိုးထောင်ထားရှိမှု အခြေအနေများကို ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## ထားဝယ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ထားဝယ် မေ ၁၆

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ထုတ်ဝေသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းတွင် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများက ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ ပြင်းထန်သောစိုးရိမ်ဖွယ် သုံးပွင့်ဆိုင် ကမ္ဘာ့အကျပ်အတည်းများကို ပြည်သူများ သိရှိနိုင်စေရန်ရည်ရွယ်၍ "ရာသီဥတုပြောင်းလဲခြင်း"၊ "ထိန်းသိမ်းသင့်သော ပင်လယ်မြက်များနှင့် အဏ္ဏဝါဂေဟစနစ်"၊ "ပလတ်စတစ်၏ ဆိုးကျိုးများ"ခေါင်းစဉ်များဖြင့် ထားဝယ်မြို့ စည်ပင်သာယာဈေးကြီးနှင့် ကမ်းနားဈေးအတွင်းရှိ ဈေးသူ ဈေးသားများ၊ လူစည်ကားရာနေရာများ၊ ဈေးအနီးတစ်လျှောက်တို့တွင် သွားလာနေသောအများပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ နှင့် ပလတ်စတစ်အစားထိုး ဈေးဝယ်အိတ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ၂၀၂၄ ခုနှစ် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

မောက်မယ် မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မောက်မယ်မြို့ အခြေခံပညာအထက်တန်းကျောင်း နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများက "ပြည်သူ့အတွက် အစဉ်အသင့်"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားကာ ကင်းထောက်လူငယ်သင်တန်းသား သင်တန်းသူများအား ကင်းထောက်လည်စည်းကို ပေးအပ်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးက လူငယ်ကင်းထောက်သင်တန်း (သင်တန်းသားလက်စွဲစာအုပ်)များ ပေးအပ်ပြီး ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများက "ကင်းထောက်လူငယ်များရဲ့ ရှေ့သို့ခြေလှမ်း"သီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကင်းထောက်အတတ်ပညာ၊ ကတိ(၃)ချက်၊ ကျင့်ဝတ်(၁၀)ချက်၊ ကင်းထောက်လုပ်ငန်းအဆင့်များ၊ ကင်းစိတ်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ကာယနှင့်အားကစား၊ ကင်းထောက်ကြိုးချည်နည်း၊ ကလေးသူငယ်အခွင့်အရေးများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု၊ သဘာဝ တောတောင်ရေမြေ စူးစမ်းလေ့လာမှုနှင့် ခြေကျင်ခရီးထွက်ခြင်း၊ စခန်းချခရီးထွက်ခြင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## "မေတ္တာလွှမ်းခြုံ လကဆုန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မေ ၁၇ ရက်(သောကြာနေ့) ည ၉ နာရီခန့်တွင် "မေတ္တာလွှမ်းခြုံ လကဆုန်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ ဇော်ထွေးလတ်၊ လွင်အောင်၊ စိုင်းကိုကို၊ ရွှေဖြူ၊ ရဲရင့်ဝေလွင်၊ ဇင်သူသူထွန်း၊ အိအိလှိုင်၊ နှင်းဝတ်ရည်နှင့် ဇင်သူဇာထွန်းတို့က မကြာမီရောက်ရှိတော့မည့် ထူးခြားမွန်မြတ်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကို ပူဇော်သည့် ဓမ္မပူဇာတေးသီချင်းများအပြင် ကဆုန်လ၏ သာယာလှပမှုများနှင့် မိုးကြိုကာလ၏ ပုံရိပ်များအား သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။


ယင်းအစီအစဉ်ကို မေ ၁၉ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁၈ - ၅ - ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆) အမှတ်(၂၀)၌ ကဆုန်လပြည့်နေ့တွင် ဘုရားစုံဖူးကာ ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြသော တိုးတက်အောင်တို့ မိသားစုနှင့် သူ၏ သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "ကဆုန်ညောင်ရေ သွန်းကြမည်" မျက်နှာဖုံးကာတွန်း၊ ညအခါ ကောင်းကင်ပြင်တွင် မြင်တွေ့ရသော ကြယ်ကြွေမှုများထဲမှ ထူးခြားဆန်းကြယ်သော ကြယ်တံခွန်များအကြောင်းကို ရေးဖွဲ့ထားသည့် "ကြယ်တံခွန်များ" သုတ ဆောင်းပါး၊ ကန်စွန်းဥကျေးရွာတွင် နေထိုင်သော လူတို့၏ စရိုက်သဘာဝကိုရေးဖွဲ့ထားသော "ကန်စွန်းဥကျေးရွာက လူတွေအကြောင်း" နှစ်မျက်နှာကာတွန်း၊ အပေါင်းအသင်း မှားယွင်းပါက လွန်စွာဒုက္ခရောက်နိုင်ကြောင်း သင်ခန်းစာရဖွယ် ရေးဖွဲ့ထားသည့် "အပေါင်းအသင်း ရွေးချယ်ပါ" ဝတ္ထု၊ ကြက်ဥနှင့် ဘဲဥတို့ကို ကြော်တတ်၊ ပြုတ်တတ်သော ရန်ပိုင်စိုးအကြောင်းကို ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိပါက မည်သည့် အသက်အန္တရာယ်နှင့် ကြုံတွေ့ပါစေ အသက်ဘေးမှ လွတ်မြောက်နိုင်ကြောင်း ရေးဖွဲ့ထားသည့် "မောင်ဖွဲရဲ့ လုံ့လအကျိုး" ပုံပြင်၊ သတ္တဝါများအနေဖြင့် မတူညီသော ကိုယ်လက်အင်္ဂါများ ရှိကြသော်လည်း သူ့နေရာနှင့်သူ အကျိုးရှိရှိ အသုံးပြုပါက မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်နိုင်ပုံကို ရေးဖွဲ့ထားသည့် "သဘာဝ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို မကောင်းကြံပါက ယင်းမကောင်းမှုဒဏ်ကို မိမိသာ ပြန်ခံရတတ်ကြောင်း ရေးဖွဲ့ထားသည့် "ဖြိုးရဲ- သူများမကောင်းကြံ ကိုယ်သာခံ" နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းငှားရမ်းနေထိုင်သူနှင့် တိုက်ခန်းပိုင်ရှင်တို့အကြား တိုက်ခန်းရေယိုနေသည့် ပြဿနာနှင့် ပတ်သက်၍ ညှိနှိုင်းပြောဆိုပုံအမျိုးမျိုးကို တင်ဆက်ထားသည့် "ရွှေသွေးစကားဝိုင်း"ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆု ဦးဇော်ဇော် ချီးမြှင့်ခံရ

ရန်ကုန် မေ ၁၆

မေ ၁၆ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသော (၃၄) ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ညီလာခံတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆု တစ်ခုဖြစ်သည့် AFC Distinguished Service Award ချီးမြှင့်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ရရှိသည်။



**တာဝန်ယူဆောင်ရွက်လျက်ရှိ**

အာရှဘောလုံးအဖွဲ့ချုပ်သည် ဦးဇော်ဇော်၏ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများနှင့် အာရှဒေသဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေး ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC) ဥက္ကဋ္ဌ Mr. SHAI-KH SALMAN BIN EBRAHIM AL KHALIFA တို့က ဦးဇော်ဇော်အား ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။ AFC Distinguished Service Award ဆုတံဆိပ်သည် အာရှဒေသ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ မဆုတ်မနစ် ထမ်းရွက်မှုများ၊ ဘောလုံးအားကစားနှင့်အတူ လူ့အဖွဲ့အစည်း ကောင်းကျိုးအတွက် ထူးချွန်စွာ ဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ပြုပေးအပ်သည့် ဂုဏ်ထူးဆောင် စွမ်းဆောင်ရည် ထူးချွန်ဆုဖြစ်ကြောင်း သိရသည်။

ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ Senior Vice President အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး AFC Social Responsibility ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ AFC Dream Asia Foundation ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ -MFF

## သန်လျင်မြို့နယ် ရုံးသပြေကန်နှင့် ကရင်ဆိပ်ကျေးရွာရှိ လမ်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် သန်လျင်ခရိုင် သန်လျင်မြို့နယ် ရုံးသပြေကန်ကျေးရွာရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဟန်သီရိကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် လယ်ယာကုန်ထုတ်ဂဝံလမ်း (၁/၃ ဒသမ ၂ မိုင် x ၁၂ ပေ ၉ လက်မ)နှင့် Box Culvert နှစ်စင်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ယူဆောင်ရွက်ခဲ့သည့်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြကြသည်။

ယင်းသို့စစ်ဆေးရာတွင် ဒေသခံတောင်သူများအားတွေ့ဆုံ၍ အမြဲတမ်းအတွင်းဝန်က စပါးအထွက်နှုန်းတိုးအောင် စိုက်ပျိုးဆောင်ရွက်ရေး ကုန်ထုတ်ဂဝံလမ်း ဖောက်လုပ်နိုင်သည့်အတွက် လယ်ယာထုတ်ကုန်များ အကုန်အကျသက်သာစွာနှင့် ဈေးကွက်သို့ ရောင်းချနိုင်သည့်အတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ လမ်းရေရှည်တည်တံ့ခိုင်မြဲပြီး ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ အဝင် အရှည်ပေ ၃၇၀၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

တင်ဝင်းတင်



## ပင်းတယမြို့၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပင်းတယ မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စံပြ သစ်တောတည်ထောင်ခြင်း စီမံကိန်း သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ပင်းတယမြို့ အထက(ကြိုသက်) ပညာ့ရောင်ခြည်ခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။



**အသိပညာပေးပြောကြား**

ဦးစွာ တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းက ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအကြောင်း၊ လူသားတို့၏ နေထိုင်မှုပုံစံကြောင့် ရာသီဥတု ယိုယွင်းပျက်စီးလာမှု အခြေအနေများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုကို ကာကွယ် ပြုပြင်ထိန်းသိမ်းရန် အတွက် ရှောင်ရန်/ ဆောင်ရန်များ၊ သစ်မျိုးအုပ်စုများ၊ မြန်မာနိုင်ငံ၏ သစ်တောဧရိယာ ဖုန်းလွှမ်းမှုအခြေအနေ၊ ရာသီဥတုကောင်းမွန်စေရန်အတွက် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးရခြင်း အကြောင်းစသည်ဖြင့် အသိပညာ ပေးပြောကြားသည်။

ထို့နောက် တောင်ကြီးခရိုင် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် သစ်တောများ၏ အကျိုးကျေးဇူးများ အကြောင်းနှင့် ပတ်သက်၍ ပြောကြားပေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ဆက်လက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဝင်းအတွင်း အမှတ်တရ စုပေါင်းသစ်ပင် စိုက်ပျိုးခဲ့ကြပြီး ပင်းတယမြို့သစ်တောဦးစီးဌာနရှိ ပုန်းတလုတ်သစ်တောပျိုးဥယျာဉ်တွင် ပျိုးထောင်ထားသည့် ပျိုးပင်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရာ ပျိုးပင်ပြုစုပျိုးထောင်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ပင်းတယမြို့သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ အသိပညာပေးနှိုးဆော်

ချောင်းဆုံ မေ ၁၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ယနေ့တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ရှောင်ရန်အချက်အလက်များ အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် လေပြင်းဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆောင်ရန်/ ရှောင်ရန်အချက်များ၊ မိုးကြိုကာလနှင့် မိုးနှောင်းကာလများတွင် ဖြစ်ပွားလေ့ရှိသည့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်အချက်များကို မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ လူစည်ကားရာနေရာများတွင် လိုက်လံနှိုးဆော်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မုဒုံမြို့၌ လေပြင်းဘေးနှင့်မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်

မုဒုံ မေ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မုဒုံမြို့နယ် ဦးစီးမှူးရုံးက လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ လှည့်လည်ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်အောင်နှင့် ဝန်ထမ်းများက လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ကြိုတင်သတိပြု ကာကွယ်နိုင်ရန်အချက်များ၊ လေပြင်းတိုက်ခတ်နေစဉ်နှင့် တိုက်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ဆောင်ရန် /ရှောင်ရန်အချက်များနှင့် တုံ့ပြန်နိုင်ရေး သတိပေးချက်များကို ပြည်သူများ ဝိုင်းဝန်းပူးဆောင်ရွက်နိုင်ရန် နှိုးဆော်ခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

❖ ပြည်တွင်းမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့အကြား ကြိုတင်ညှိနှိုင်းဆွေးနွေးမှုအရ မြန်မာအမျိုးသား ယူ-၂၀ ဘောလုံးအသင်းသည် တရုတ်အမျိုးသား ယူ-၂၀ ဘောလုံးအသင်းနှင့် လာမည့် မေ ၃၀ ရက်နှင့် ဇွန် ၂ ရက်တို့တွင် တရုတ်နိုင်ငံ Xianghe မြို့၌ ကွင်းပိတ်ခြေစမ်းပွဲ နှစ်ပွဲ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ဘောလုံးအသင်းသည် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသက် ၁၉ နှစ်အောက် အာဆီယံအမျိုးသားဘောလုံးပြိုင်ပွဲနှင့် စက်တင်ဘာလတွင် ကျင်းပမည့် အသက် ၂၀ အောက် အာရှအမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကာလရှည်စခန်းသွင်းလေ့ကျင့်နေသော အသင်းဖြစ်သည်။

စခန်းသွင်းလေ့ကျင့်စဉ်ကာလအတွင်း မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ကို စွမ်းဆောင်ထားနိုင်ခဲ့သည်။

Htet Oo Maung

# ONE Friday Fight 63

## မွေထိုင်းပြိုင်ပွဲတွင် ထွန်းမင်းနိုင်နှင့် ဂျပန်ဖိုက်တာ တိုမိုကီဆာတို ထိုးသတ်မည်

ရန်ကုန် မေ ၁၆

ONE Friday Fight 63 မွေထိုင်းပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ လုမ္ဗဏီအားကစားရုံ၌ မေ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာ့ရိုးရာလက်ဝှေ့ကစားသမား ထွန်းမင်းနိုင် (ခ) ဆူလိုင်မန်နှင့် ဂျပန်ဖိုက်တာ တိုမိုကီဆာတိုတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်ကြောင်း သိရသည်။

ထွန်းမင်းနိုင်သည် နောက်ဆုံးပွဲစဉ်ဖြင့် စကော့တလန်ဖိုက်တာကို အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဂျပန်ဖိုက်တာ တိုမိုကီဆာတိုနှင့် ပွဲစဉ်တွင် ရလဒ်ကောင်းရရှိနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်ပြီး တွဲဆိုင်း ၁၂ ဆိုင်းပါဝင်သည့် အဆိုပါ ONE Friday Fight 63 မွေထိုင်းပြိုင်ပွဲ၏ ပွဲစဉ် (၅) တွင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ကစားသမား ထွန်းမင်းနိုင်သည် ONE Friday




Fight မွေထိုင်းပြိုင်ပွဲများတွင် ငါးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာ သုံးပွဲနိုင်၊ နှစ်ပွဲ ရှုံးနိမ့်ထားပြီး အသက် ၃၂ နှစ်အရွယ် အရပ် ၅ ပေ ၁၀ လက်မရှိသည့် ဂျပန်ဖိုက်တာ တိုမိုကီဆာတိုအနေဖြင့် ONE Friday Fight တွင် တစ်ပွဲသာထိုးသတ်ထားဖူးပြီး အနိုင်ရရှိထားကြောင်း သိရသည်။

ပွင့်သစ္စာ

✪ ကျောဖုံးမှ

ထိုသို့ စတင်ပျံသန်းပြေးဆွဲရာ၌ ယနေ့ ရန်ကုန်-နန်နင်း ခရီးစဉ်တွင် Boeing 737-800 Freighter လေယာဉ်ဖြင့် ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေထွက်ကုန်ပစ္စည်းများဖြစ်သော ကဏန်းနှင့် ငါးရှဉ့် ၁၆ တန် တင်ဆောင်ကာ ပြေးဆွဲခဲ့ကြောင်း၊ ရန်ကုန်-နန်နင်း-ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်ကို ရက်သတ္တပတ်လျှင် သုံးကြိမ် (အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့) များတွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Boeing 737-800 Frighter လေယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ ဆိုက်ရောက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များဖြစ်သော ရန်ကုန်-ကူမင်း-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်-ရန်ကုန်၊ ရန်ကုန်-စင်ကာပူ-ရန်ကုန်နှင့် ရန်ကုန်-မန်စီ-ရန်ကုန် ခရီးစဉ်များကို ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-လင်းရာမ

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


### အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်-၄၇၅/ခမြေပေါ်၌ ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဖခင်ဖြစ်သူ ဦးဇော်မြင့်မော်(ဘ) ဦးတင်အေးမှ သားများဖြစ်သည့် (၁)မောင်အေးချမ်းပိုင်(ဘ)ဦးဇော်မြင့်မော်၊ (၂)မောင်အေးငြိမ်းပိုင် (ဘ) ဦးဇော်မြင့်မော်တို့ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းပြီးမြောက်မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၂)**
**တိုက်- ၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၅၇၈၄၆၈၈**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၀)၊ မြေကွက်အမှတ်(၄၈၈)ဟုခေါ်တွင်သော ဦးညွန့်အောင်အမည်ပေါက်သည့်နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ အလျားxအနံ(၄၀x၆၀)ပေမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးညွန့်အောင် [၁၂/တမန(နိုင်)၀၇၈၂၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုမွန်သိန်း[၁၂/ဗဟန(နိုင်)၀၈၈၇၀၅]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၄၇၃)**
**ဖုန်း - ၀၉-၅၁၉၁၇၉၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ပြည်သာယာ(၁)လမ်း၊ မြေကွက်အမှတ်(၈၀၄) မြေအကျယ်အဝန်း(၅၀x၆၀)ပေရှိ ဦးတင်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ထဲမှ (၂၀ x ၆၀)ပေ ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ရေ၊ မီးပါဝင်သော ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထွန်းဦး [၁၂/ဒဂတ(နိုင်)၀၆၉၆၉၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ရီ[၁၂/အစန(နိုင်)၀၀၂၁၈၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက်(၁၄-၅-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း ၊(၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၇၇၆၅၅၁၁၆၉**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၁၂၉/ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃ ½)ထပ်တိုက်ရှိ မြေညီထပ်၊(ခေါင်းရင်းခန်း)ရှိ တိုက်ခန်းသည် မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုသော စာချုပ်အရ မြေရှင်ရရှိသောအခန်းဖြစ်ကြောင်း အဆိုပါတိုက်ခန်းအား မြေရှင်ထံမှ (၂၀-၁၀-၂၀၂၃) ရက်စွဲပါစာချုပ်ဖြင့်ရောင်းချသူ ဦးဇော်မောင်မြင့်က ဝယ်ယူထားကြောင်း တရားဝင်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လက်ရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချသူ ဦးဇော်မောင်မြင့်က ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)**
**အမှတ်(၆၄၆/၄၆၄)၊ အခန်း(၂/၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊**
**လှိုင်မြို့နယ်။ ဖုန်း -၀၉-၂၅၂၉၉၄၉၈၈**

### ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကံဦးကျောင်းလမ်းရှိ (အလျားxအနံ)(၃၁ပေx၅၇ပေ)ရှိ ဦးအုန်းမြင့် ပိုင်သည် ခြံမြေကွက်ကို ၎င်းမှရောင်းချမည်ဆိုသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၄၈)နေ ကျွန်ုပ်၏အသိမိတ်ဆွေ ဦးချိုမင်းထွေး[၅/မကန(နိုင်)၀၄၆၁၄၁]နှင့် ဇနီးဖြစ်သူ ဒေါ်လှဲ့လှဲ့ထွန်း [၁၂/ဗတထ(နိုင်)၀၃၈၇၄၆]ကိုင်ဆောင်သူတို့မှ(၁၀-၅-၂၀၂၄)ရက်နေ့တွင် စရန်ငွေတချို့ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဦးအုန်းမြင့်အား အထက်တွင်ဖော်ပြသော မြေကွက်နှင့် ပတ်သက်၍ စရန်ငွေပေးချေပြီးဖြစ်၍ အပြီးသတ်ရောင်းဖိုးငွေများကို စရန်ငွေပေးချေသည့်နေ့မှ(၂)ပတ်အတွင်း ထပ်မံပေးချေ၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်မည်ဖြစ်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁) ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၀) (၂၃-၁၂-၂၀၁၄)**
**အမှတ်(၄၅၂)၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့။**
**Ph:09-799462282**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ ငါးလွှာရှိသည့် ဒုတိယထပ် (၃)လွှာခြေရင်းခန်း၊ အခန်းအမှတ်- ဘီ/၃၊ အကျယ်အဝန်း ၁၃ပေခွဲx၅၃ပေရှိ လူနေတိုက်ခန်းနှင့် ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာ [၁၂/မရက(နိုင်)၀၆၀၆၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းဦး[၁၃/သနန(နိုင်)၀၃၂၄၀၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာဟန်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၈၀)**
**ဖုန်း - ၀၉-၄၂၁၁ ၃၇၅၆၆**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလေးတက္ကသိုလ်**

### ပါရဂူ(PhD)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) မြန်မာစာ | (၇) ဥပဒေပညာ | (၁၂) သင်္ချာ |
| (၂) အင်္ဂလိပ်စာ | (၈) အရှေ့တိုင်းပညာ | (၁၃) သတ္တဗေဒ |
| (၃) ပထဝီဝင် | (၉) နိုင်ငံတကာဆက်ဆံရေးပညာ | (၁၄) ရုက္ခဗေဒ |
| (၄) သမိုင်း | (၁၀) ဓာတုဗေဒ | (၁၅) ဘူမိဗေဒ |
| (၅) ဒဿနိကဗေဒ | (၁၁) ရူပဗေဒ | (၁၆) အဏုဇီဝဗေဒ |
| (၆) စိတ်ပညာ | | |

၂။ ပါရဂူဘွဲ့(PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ပါရမည်။ (လုပ်ငန်းခွင် အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူ ဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ မန္တလေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၂၄-၅-၂၀၂၄)ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(PhD)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၇-၅-၂၀၂၄(တနင်္လာနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၈-၅-၂၀၂၄(အင်္ဂါနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို (၃၁-၅-၂၀၂၄) ရက်နေ့ (သောကြာနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး/ဒုဌာနမှူး/ မော်ကွန်းထိန်း(ဖုန်းနံပါတ်- ၀၉-၉၆၄၁၈၁၄၄၄/၀၉-၇၈၁၉၁၃၅၉၇)တို့ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာဌာန၊**
**မန္တလေးတက္ကသိုလ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးသည် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် (FDA)အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းသုံးနှင့် ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များကို မြန်မာငွေကျပ် ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများစတင်ရောင်းချမည့်ရက် – ၁၅–၅–၂၀၂၄ (ဗုဒ္ဓဟူးနေ့)
တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် – ၁၄–၆–၂၀၂၄(သောကြာနေ့) ညနေ (၄:၀၀) နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင်လာရောက် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မနနလ ဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း– ၀၂–၄၀၂၁၁၀၆၊ ၀၉–၂၅၉၃၇၁၅၃၃၊ ၀၉–၇၇၇၁၇၄၃၅၉**

## ဖခင်အမည်မှန်

ကြည့်မြင်တိုင်မြို့နယ်၊ အထက(၃)၊ Grade–11 အောင်မှ မလှသဥ္ဇာနွယ်၏ ဖခင် အမည်မှန်မှာ ဦးမောင်ဆွေ [၁၂/အလန (နိုင်) ၀၃၁၅၂၅] ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်မင်း၏သား မောင်ရဲမင်း [၇/အတန (နိုင်) ၀၈၅၆၁၀]၏ နိုင်ငံကူးလက်မှတ် MA 002279 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၂၃၇၄၁၀၁**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၇ / ၂၀၂၄ – ၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–008(24–25)CAP (Retender) | Single Pump Cementing Unit with Engine (1) Set | Ks |
| (၂) | DMP/L–009(24–25)CAP (Retender) | Spare Parts for SJS Serva Cementing Unit (35) Items | Ks |
| (၃) | DMP/L–029(24–25)CAP (Retender) | Spare Parts for Drive Group (10) Items | Ks |
| (၄) | DMP/L–034(24–25)CAP (Retender) | Spare Parts for D 85 ESS–2 Komatsu Dozer (63) Items | Ks |
| (၅) | DMP/L–167(24–25)CAP | Electrical Materials for 11–6.6/0.4 KV, 500 KVA Transformer (4) Groups | Ks |
| (၆) | DMP/L–168(24–25) | Assorted Kinds of Filter (1) Lot | Ks |
| (၇) | DMP/L–169(24–25) | Assorted Kinds of Belt (1) Lot | Ks |
| (၈) | DMP/L–170(24–25) | Assorted Kinds of Bearing (1) Lot | Ks |
| (၉) | DMP/L–171(24–25) | Electrical Materials for Yenangyaung (2) Groups | Ks |
| (၁၀) | DMP/L–172(24–25) | PGO–140 GL–5 Gear Oil (150) Drums | Ks |
| (၁၁) | DMP/L–173(24–25) | SAE VG 40 Engine Oil (390) Drums | Ks |
| (၁၂) | DMP/L–174(24–25) | ISO VG 100 Gas Compressor Oil (125) Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇–၅–၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁–၅–၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း၊ ၀၆၇–၄၁၁၂၀၆**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါထက် (Fb Account Name – War Htet) (၁၂/သဃက(နိုင်)၂၀၀၁၃၁)၏ လွှဲအပ်ညွှန်ကြားချက်အရ –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၊ Facebook Account – War Htet (Profile Links – https;//www.facebook.com/profilephp?id=100009499656612) ဖြင့် ၂၀၁၉ ခုနှစ်မှစ online စုမဲလုပ်ငန်းကို စုမဲဒိုင်အဖြစ် ၂၀၂၄ ခုနှစ်၊ ဧပြီလကုန် အချိန်အထိ နာမည်ပျက်မရှိ စဉ်ဆက်မပျက်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ ဆန်းပိုင်းမှစ၍ စုမဲအဖွဲ့များ (Groups)တွင် ပါဝင်သည့် စုမဲပါဝင်သူအချို့၏ မဲကြေးထည့်ဝင်ရန် ပျက်ကွက်မှုကြောင့် စုမဲအမြတ်ထိုင်သည့် နောက်စုမဲယူသူများအား စုမဲကြေးအပြည့်အဝပေးလျော်ရန် အခက်အခဲကြန့်ကြာမှုများ ဖြစ်ခဲ့ရပါသည်။ ထိုသို့သော ပျက်ကွက်မှုနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် အနေဖြင့် မရိုးမဖြောင့်သောသဘောဖြင့် ဖုန်းအဆက်အသွယ်ဖြတ်တောက်ခြင်း၊ တိမ်းရှောင်ခြင်း၊ သက်ဆိုင်ရာ စုမဲအဖွဲ့များမှ နုတ်ထွက်သွားခြင်း လုံးဝပြုလုပ်ဆောင်ရွက်ခြင်းမရှိပါဘဲ၊ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားစီစဉ်လျက်ရှိနေပါသည်။ သက်ဆိုင်ရာ စုမဲအဖွဲ့များရှိ စုမဲပါဝင်သူများအား ပေးလျော်ရန် ကျန်ရှိသည့် စုမဲကြေးများအားလည်း နစ်နာမှုမရှိမျှတစွာရရှိစေရန်လည်း ဆောင်ရွက်လျက် ရှိနေပါသည်။

သို့ဖြစ်ပါ၍ စုမဲကြေးများနှင့် ပတ်သက်၍ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ရန် ပြုလုပ်နေသည့်အချိန်တွင် ကျွန်ုပ်၏ မိတ်ဆွေနှင့် ၎င်းမိသားစု၏ ဂုဏ်သိက္ခာ၊ ဘဝလုံခြုံမှု၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် ပတ်သက်၍ ခြိမ်းခြောက်အနိုင်အထက်ပြုခြင်း၊ Messenger, Viber, Facebook, WhatApp, Telegram စသည့် Applications များအား အသုံးပြု၍ ဂုဏ်သိက္ခာ၊ ဘဝနေထိုင်မှု၊ ပစ္စည်းဥစ္စာတို့အပေါ် ထိပါးနှောင့်ယှက်လာခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဆန်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၃၈၅/၁၆–၁၀–၂၀၂၃)**
**တိုက်(၄၃)၊ အခန်း(၁၀၃)၊ ပထမထပ်၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉ ၅၀၈၄၃၃၉၊ ၀၉–၄၂၀၀၂၆၄၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်စိုးမင်းဦး [၁၁/ပတန(နိုင်)၁၁၅၉၆၈] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၀၊ လူနေရပ်ကွက်အမှတ်– ၁၀၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ဇေယျဝတီ(၂)လမ်း၊ မြေကွက်အမှတ် (၂၁၃၈/ခ)၊ ဧရိယာ(အလျား ၂၀'x အနံ ၆၀')ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် (၁၅–၁၁–၁၉၉၃)ရက်စွဲပါ မြေငှားစာချုပ်အမှတ်[သကတ/၁၀(တ)/၂၆၃၁/၉၃] ဖြင့် ဒေါ်အုံးညွှန့် [၁၂/သကတ(နိုင်)၁၁၁၇၃၂]နှင့် ဒေါ်အုံးကြည် [၁၂/သကတ(နိုင်) ၀၆၀၅၉၈]တို့မှ နှစ်(၆၀) မြေငှားဂရန်စာချုပ်ဖြင့် အမည်ပေါက်အဖြစ်မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဂျူးဂျူး [၁၂/သလန(နိုင်)၁၇၂၅၇၇] ကိုင်ဆောင်သူမှ အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုစကားကမ်းလှမ်းချက်အရ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသူ ဒေါ်ဂျူးဂျူးထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးချစ်စိုးမင်းဦး**
**[၁၁/ပတန(နိုင်)၁၁၅၉၆၈]**

**လွှဲအပ်ညွှန်ကြားချက်များအရ –**
**ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၈၂)(၂၉–၄–၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: ၀၉–၄၅၇၂၉၃၃၄၄၊ ၀၉–၇၉၈၁၉၃၂၉၉၊ ၀၉–၄၄၃၁၉၃၃၄၄**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၆၇

ကွယ်လွန်သူများဖြစ်သည့် Harji Shaik Aulad Hassam and Shaik Golam Mohamed , R.R KHAN ၊ မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ)ဦးမောင်ပုတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်သန်းသန်းအေး — လျှောက်ထားသူ

အမှတ်–၁၇၂/၁၇၄ ဆူးလေဘုရားလမ်း၊ ၁ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူများဖြစ်သည့် Harji Shaik Aulad Hassam and Shaik Golam Mohamed, R.R KHAN ၊ မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ)ဦးမောင်ပုတို့၏ ကျန်ရှိရစ်သော (၁) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၄(အက်ဖ်)၊ မြေကွက်အမှတ်–၉၊ အလျား ၆၀ ပေx အနံ ၆၀ ပေ၊ အဆောက်အဦအမှတ်– ၁၁၉/၁၂၁/၁၂၃၊ အမှတ်–၆၂၊ ဆိပ်ကမ်းသာလမ်း၊ (၂) ရန်ကုန်တိုင်းဒေသ ကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၈ M၊ ၄၃၈ N ဧရိယာ(အလျား ၃၂၃ ပေx အနံ ၂၈၂ ပေ)၊ မြေကွက်အမှတ် ၂၅ (အလျား ၂၀၀ပေx အနံ ၂၀၀ပေ) မြေအမျိုးအစား ဘိုးဘွားပိုင်မြေ၊ (Majid Khan) မြေအမည်ပေါက် ပစ္စည်းတို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူများဖြစ်သည့် Harji Shaik Aulad Hassam and Shaik Golam Mohamed, R.R KHAN၊ မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ)ဦးမောင်ပုတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူဒေါ်သန်းသန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၆ ရက် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ကျောက်တံတားခရိုင်တရားရုံး**

## စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၄)ရှိ ၂ ခန်းတွဲ (၇)ထပ်တိုက်၏မြေညီ(ခြေရင်းခန်း/ယာ) (၁၂½ ပေx ၅၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းကြည်[၁၂/စခန(နိုင်)၀၂၀၅၆၉]မှာ ကွယ်လွန်ခဲ့ပြီး ခင်ပွန်းဖြစ်သူမှာလည်း ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင်သားသမီး(၇)ဦးမွေးဖွားခဲ့ပြီး (၁) ဦးစိုးသန်း[၁၂/စခန(နိုင်)၀၀၃၀၁၅]၊ (၂) ဦးမြင့်သိန်း [၁၂/စခန(နိုင်)၀၂၁၃၈၇]၊ (၃) ဦးမြထွန်း(SCG–000180)၊ (၄) ဒေါ်အေးအေးစိုး[၁၂/စခန(နိုင်)၀၂၁၃၆၇]တို့မှာ ကွယ်လွန်ခဲ့ကြပြီး၊ (၅) ဦးစိန်မင်း(RGN–008933)မှာ ရာသက်ပန်ဘုန်းကြီးဝတ်သွားပြီးဖြစ်၍ တရားဝင်ပိုင်ဆိုင်သူ ကျန်မောင်နှမ (၂)ဦးဖြစ်သည့် (၆) ဒေါ်အေးအေးသန်း[၁၀/မလန(နိုင်) ၁၀၁၇၅၈]နှင့်(၇) ဦးမြင့်အုန်း[၁၂/စခန(နိုင်)၀၀၈၅၄၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂)လမ်း၊ အမှတ်(၃၄)၊ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အဦ၏ စတုတ္ထထပ်(၅–လွှာ)၊ (တိုက်မျက်နှာမူလက်ဝဲဘက်အခန်း) ဧရိယာ (၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်သန်း [၁၂/ရကန(နိုင်)၀၅၈၈၇၁]၊ ဒေါ်လှဲ့လှဲ့ကြည်[၁၀/ကထန(နိုင်) ၀၇၉၃၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးသူ [၁၂/မရက(နိုင်)၁၄၂၅၄၄]၊ ဒေါ်မူမူစိုး [၁၂/လကန(နိုင်)၁၉၅၀၈၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စိုးသူ နှင့် ဒေါ်မူမူစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၉၉၊ ဦးပိုင်အမှတ်(၇–စ)ခဲစင်း/၊ ၂၅x၂၆ ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နွဲ့နွဲ့ဝင်း[၉/ကဆန (နိုင်)၀၁၈၆၄၁]က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်မောင်မောင်သွင်) | နှင့် | ၁။ ဦးကျော်စောစံ<br>၂။ ဒေါ်ခင်ခင်မြ<br>၃။ ဒေါ်အိအိခိုင်<br>၄။ ဒေါ်မြသိင်္ဂီ<br>၅။ ဒေါ်နေနွယ်လွင်<br>၆။ ဦးဟိန်းထက်ဗိုလ်<br>၇။ ဦးဒေးဗစ်သောင်းစီ<br>၈။ ဦးကျော်သူအောင်<br>၉။ ဦးတင်ထွန်းဦး<br>၁၀။ ဦးမိုးဇော်ဦး<br>၁၁။ ဒေါ်ဝတ်ရည်အောင်<br>၁၂။ ဦးသန်းစိုး<br>၁၃။ ဒေါ်မြင့်သက်နွယ်<br>၁၄။ ဒေါ်နိုင်နိုင်မော်<br>၁၅။ ဒေါ်ဝါဝါပြုံး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၁၇/F)နေ အမှတ်(၁) တရားပြိုင် ဦးကျော်စောစံနှင့် အမှတ်(၂) တရားပြိုင် ဒေါ်ခင်ခင်မြ (ယခုလိပ်စာမသိ)သူတို့သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က အဆိုလွှာပါအတိုင်း ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်၊ မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## စမ်းချောင်းမြို့နယ်၊ကျွန်း/မြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ်(၅၀)ရှိ ၂ ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီ(ခြေရင်းခန်း) (၁၂½ ပေx ၅၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင် ပိုင်ဆိုင်သူ ဦးအောင်ညွှန့်ပိုင် [၁၄/ပသန(နိုင်)၂၁၄၂၉]ထံမှ ဦးစန်းဝင်း[၉/မရတ(နိုင်)၀၈၂၇၀၉] + ဒေါ်သန်းသန်းအေး[၁၂/စခန(နိုင်)၀၃၀၇၈၃]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**japan–ဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ pH: 09-767772099, 09-774597373, 09-767779901**

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့် ပတ်သက်၍ Profile အောင်မြင်သည့်ကုမ္ပဏီအမည် စာရင်းအား ၁၆-၅-၂၀၂၄ ရက်နေ့မှ စတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာန (ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၂၇-၅-၂၀၂၄ ရက်နေ့မှ စတင်၍ သတ်မှတ်နေ့ရက်များတွင် ၈:၃၀ နာရီမှ ၁၀:၀၀ နာရီအထိ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ **ဒက္ခိဏခရိုင် မီးသတ်စခန်း**တွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇- ၃၄၁၂၇၈၈
( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇- ၃၄၁၂၄၀၂
( ဂ ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၁၂၇၇၂၊ ၀၆၇- ၃၄၁၂၈၂၁
(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅
( င ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀
( စ ) မီးသတ်ဦးစီးဌာန ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနအတွက် ပုံထုတ်/ခန့်မှန်းသုတေသနဌာနခွဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦဦးစီးဌာနအတွက် လိုအပ်သော မြို့ပြလုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းသုံးပစ္စည်းဖြစ်သော Door and Window Testing Chamber With Hot Air Circulation Oven(1)Set အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - (၂၀-၅-၂၀၂၄)ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - (၂၄-၅-၂၀၂၄)ရက် ညနေ(၄:၃၀)နာရီအထိ
၄။ တင်ဒါပုံစံ(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်စံချိန်စံညွှန်းများ) တင်သွင်းရမည့်နောက်ဆုံးရက် - (၂၇-၅-၂၀၂၄)ရက် ညနေ(၄:၃၀)နာရီအထိ
(Technical အောင်မြင်သည့်လုပ်ငန်းရှင်များကိုသာဆက်သွယ်၍ ဈေးနှုန်းတင်သွင်းလွှာများကို ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။)
၅။ တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်မည့်ရက် -ထပ်မံအကြောင်းကြားပေးပါမည်။
၆။ တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်မည့်နေရာ -အဆောက်အဦဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
၇။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀-၅-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်း နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အဆောက်အဦဦးစီးဌာန၊ ပုံထုတ်ခန့်မှန်းသုတေသနဌာနခွဲ**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**
**ရုံးဖုန်း-၀၉-၇၆၅၂၃၃၅၀၉၊ ၀၉-၂၆၁၉၄၈၆၇၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သာကေတမြို့နယ်၊ကုတင်(၁၀၀)အထူးကုဆေးရုံကြီးသို့ (၂၄) နာရီ ဓာတ်အားပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်ရန် (ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ်မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။
၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၀.၅.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။
၃။ တင်ဒါပိတ်ရက်မှာ(၄.၆.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) (ဆောင်ရွက်ဆဲလုပ်ငန်း)ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) တွင် ဆောင်ရွက်မည့် ဆရာ/ ဆရာမဆောင် (၄)ထပ် သံကူကွန်ကရစ် အဆောက်အဦ (၁)လုံး၏ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)ရှိ ဆရာ/ဆရာမဆောင် (၄)ထပ် သံကူကွန်ကရစ်အဆောက်အဦ (၁)လုံး၏ ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ၁၆-၅-၂၀၂၄ ရက်နေ့မှ ၂၉-၅-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၉-၅-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဓောင်းစိုက်ကွင်းရှိ စိုက်ပျိုးမြေဧရိယာ(၄၉၂)ကေခန့်နှင့် ကျုံကဒွန်း စိုက်ကွင်းရှိ စိုက်ပျိုးမြေဧရိယာ(၅၀၀)ကေခန့်အား တောင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးဌာန၏ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားနိုင်ရန်အတွက် ၁၈-၁၂-၂၀၂၃ ရက်နေ့တွင် သတင်းစာတွင် ကြော်ငြာခေါ်ပြီး ၉-၄-၂၀၂၄ ရက်နေ့တွင် ဈေးနှုန်းတင်သွင်းလွှာအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ၎င်းတင်ဒါမှာ အောင်မြင်မှုမရှိပါသဖြင့် စိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ တောင်သူများအား ငှားရမ်းလုပ်ကိုင်နိုင်ခွင့်ရရှိစေရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၅-၂၀၂၄ မှ ၃၁-၅-၂၀၂၄ ထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
၄။ တင်ဒါလျှောက်လွှာ လက်ခံမည့်ရက် - ၆-၆-၂၀၂၄ ရက်နေ့၊ (၁၃:၀၀)နာရီ
၅။ တင်ဒါလျှောက်လွှာ လက်ခံမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်
၆။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း- ၀၆၇၃-၄၁၀၅၁၈၊ ၀၉-၄၂၈၅၉၅၅၉၃ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအတွက် အောက်ဖော်ပြပါဆေးဝါးများနှင့် ဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးနှင့်ဆေးပစ္စည်းများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးရည်နှင့်ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ
(ဃ) အောက်စီဂျင်

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၅-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန် - ၂၈-၅-၂၀၂၄(အင်္ဂါနေ့) ၁၆:၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ PET/CT & Cyclotron Center ရှိ Cyclotron စက်၏ Ion Source လဲလှယ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၁၅-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန် - ၂၈-၅-၂၀၂၄(အင်္ဂါနေ့) ၁၆:၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ(ဘ) ဦးဦးလှသာ၏ သားဦးနေဝင်းထွန်း[၁၂/ဗတထ(နိုင်)၀၃၂၇၄၅]၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၈-၁၉၈၀)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၇၊ မြေကွက်အမှတ်-၃၃၊ မြေကွက်တည်နေရာအမှတ်-၃၃/ဘီ၊ နှင်းဆီလမ်း၊ ၂၇/၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝင်းကြည် [၁/ဗမန(နိုင်)၀၀၂၆၇၃] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ခင်ပွန်း)ဦးဝင်းကြည် ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်သန်းသန်းအေး [၁/ဗမန(နိုင်)၀၀၁၉၃၁]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့်အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးဝင်းကြည်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ ၁၆)၊ မြေကွက်အမှတ်(၄၂၁/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ မြေကွက်တည်နေရာအမှတ် (၄၂၁/က)၊ ဆရာစံလမ်း၊ (၁၈) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးရင်မောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးရင်မောင် [၁၂/လမန(နိုင်)၀၉၄၆၃၄]ကိုယ်တိုင်မှ မြေချပါမစ်မူရင်းမှာ (၂၀၀၈)ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေချပါမစ်မူရင်းမှာ (၂၀၀၈)ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း။ အဆိုပါမြေကွက်နှင့် မြေချပါမစ်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-**

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်စန်းစန်းမေ | ၁၂/သကတ(နိုင်)၀၇၉၇၃၅ | ၁၂၃၆/က၊ နွယ်နီ(၄)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတ | ၁၀/တောင် | ၁၂၃၆ | ဦးကျော်ရွှေ |
| ၂ | ဒေါ်ဇင်မာဦး | ၁၂/သဃက(နိုင်)၂၀၃၆၃၈ | ၉၊ အိုးဘိုလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၀ | ၁၅၄ Portion | ဦးဘခင် |
| ၃ | ဦးဘိုဘို | ၁၂/သဃက(နိုင်)၁၅၄၆၆၀ | ၁၃/၀၉၄၆၊ အေးမေတ္တာလမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၄၉ | ၂၇ Portion | အမ်-အာရ်ဒစ္စတံပုလဲ |
| ၄ | ဒေါ်အေးအေးမြင့် | ၁၂/သဃက(နိုင်)၁၁၁၀၁၃ | ၁၄၁၊ ဓေယျာသုခလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၄ | ၇၄ Portion | ဒေါ်နှင်းရီ |
| ၅ | ဒေါ်နန္ဒာထွန်း | ၉/ပမန(နိုင်)၁၉၄၆၅၃ | ၉၀၆၊ သခင်ခင်ဇော်(၃)လမ်း၊ ၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁ | ၉၀၆ | ဒေါ်ထားကြည် |
| ၆ | ဦးသာငြိမ်း | ၇/ကဝန(နိုင်)၁၁၂၉၆၁ | ၄၁၂၊ မြိတ်လမ်း၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၁ | ၄၁၂ | ဒေါ်စုစုလှိုင် |
| ၇ | ဦးဇော်လီအောင် | ၄/မတပ(နိုင်)၀၂၈၂၉၄ | ၂၀၅၊ သဇင်လမ်းသွယ်၊ ၃-ရပ်ကွက်၊ ရွှေပြည်သာ | ၁၆ | ၂၀၅ | ဦးစိုးကြည် |
| ၈ | ဒေါ်သက်သက်နွယ် | ၇/ညလပ(နိုင်)၁၂၀၅၅၈ | ၇၇၅/က၊ ရဲတံခွန်လမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၇ | ၇၇၅ | ဦးလှကြည် |
| ၉ | ဒေါ်မြင့်မြင့်စန်း | ၁၂/ဗဟန(နိုင်)၀၄၂၈၂၀ | ၆၀၅(က+ခ)၊ မင်္ဂလာသီရိ(၂)လမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၆ | ၆၀၅/က၊ ၆၀၅/ခ | ဦးရင်ဝင်း၊ ဦးကြွက်နီ |
| ၁၀ | ဦးမြင့်သိန်း | ၁၂/ဒဂတ(ပြု)၀၀၁၅၉၅ | ၉၆၈/ခ၊ ချမ်းမြသာစည်လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၆ | ၉၆၈/ခ | ဦးစိန်တိုး |
| ၁၁ | ဒေါ်မြကျင် | ၁၂/သဃက(ပြု)၀၀၂၃၂၅ | ၅၊ ဂန္ဓာရုံလမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၄၉ | ၁၄ Portion | ဒေါ်ဖွား |
| ၁၂ | ဦးစန်းဦး | ၁၂/အလန(နိုင်)၀၁၄၈၄၇ | ၆၃၃/ခ၊ ခါတော်မှီလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၆ | ၆၃၃/ခ | ဒေါ်သန်းရီ |
| ၁၃ | ဦးမျိုးမင်းဇင် | ၁၀/မလမ(နိုင်)၀၀၄၇၂၃ | ၂၂၁/က၊ ကတန်ကျွန်းလမ်း၊ ၂၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၅ | ၂၂၁/က | ဦးခင်မောင်လတ်၊ ဒေါ်လွင်လွင်စိုး |
| ၁၄ | ဒေါ်ခိုင်ဇင်ထွန်း | ၁၁/ကဖန(နိုင်)၀၄၂၄၄၈ | ၁၃၃၆/ခ၊ ပြည်ထောင်စုလမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၇ | ၁၃၃၆ | ဦးကျော်မင်းသွေး |
| ၁၅ | ဒေါ်လှဝင်းကြည် | ၈/ရနခ(နိုင်)၀၃၁၁၆၉ | ၁၄၀/ခ၊ တပင်ရွှေထီးလမ်း၊ ၂-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) | ၉ | ၁၄၀ | ဒေါ်နှင်းမြိုင် |
| ၁၆ | ဒေါ်မိစန္ဒာမွန် | ၁၂/ဥကမ(နိုင်)၂၀၁၅၀၅ | ၃၆၇၊ နေကြာလမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၄ | ၃၆၇ | ဦးကံမြင့် |
| ၁၇ | ဦးမြင့်စိုး | ၁၂/မဘန(နိုင်)၀၂၁၇၅၇ | ၆၆၈/က၊ မြောင်းမြ(၁)လမ်း၊ ၂၀/သံဒင်းရပ်ကွက်၊ ရွှေပြည်သာ | ၄၆ | ၆၆၈ | ဒေါ်ထွေးနှင်းအောင် |
| ၁၈ | ဒေါ်မြမဥ္စူ | ၁၂/အစန(နိုင်)၁၆၈၉၈၁ | ၁၁၉/ခ၊ နတ်ပန်းချီလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၅ | ၁၁၉ | ဒေါ်တင်အေး |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့ (၄/ ၅ / ၁၆/ အဆောက်အဦတည်ဆောက်ရေးအထူးအဖွဲ့) (နေပြည်တော်)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ရမည့် နေပြည်တော်ကောင်စီနယ်မြေရှိ လုပ်ငန်းများဆောင်ရွက်ခြင်းတွင်အသုံးပြုရန် စံချိန်စံညွှန်းမီအရည်အသွေး ပြည့်ဝသောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်း ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၀-၅-၂၀၂၄ ရက် (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးပိတ်မည့်ရက် - ၃၁-၅-၂၀၂၄ ရက် ညနေ (၄:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၄)ရုံး၊ မြို့သစ်(၂)လမ်း၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့။

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက် အလက်များသိရှိလိုပါက ဖုန်းအမှတ်- 067 8030353, 09 265899154, 09 256066461, 09 5036544, 09 421711658, 09 5340134, 09 451201891 သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁)၊ (C-9)လမ်း၊ မြေကွက်အမှတ် (B-၂၁)၊ ဧရိယာ (၅)ဧက၊ (၁)ယူနစ် အကျယ်အဝန်းရှိ (စိုက်ပျိုးရေး) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်များအပါအဝင် သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးကိုကိုအောင် [၁၂/မဂဒ(နိုင်) ၀၀၇၁၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရာဂျူး [၇/အတန(နိုင်)၀၇၂၉၆၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်ဝင်းလှိုင်(LL.B)** — **ဒေါ်စန္ဒာလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**
**ရုံးခန်း- အမှတ်(၂၇)၊ ပထမထပ်၊ ဗေယျာသီရိလမ်း၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ သီတဂူ(၁)လမ်း၊ အမှတ် ၆၅၄/ခ (ခြေရင်းခြမ်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀'x၆၀')ရှိ ဦးတင်ရွှေ (AB. ၀၄၈၃၆၇) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သက်မော် [၆/တသရ(နိုင်)၀၁၂၅၈၄]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေတွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်(၅၉/ဘီ) ကွန်ဒိုမှ ဒုတိယထပ် ၂-လွှာ(ဘီ)၊ အခန်းအမှတ်(၂၀၁)၊ ညာဘက်ခန်း၊ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်ထံမှဝယ်ယူခဲ့ပြီး၊ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကြသူများဖြစ်သော ဦးသက်မောင်မောင်ကျော် (၁၂/တမန(နိုင်)၀၉၂၅၀၇) နှင့် ဒေါ်မွန်မွန်ခိုင် (၁၂/သကတ(နိုင်)၁၅၂၅၃၃) တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေများမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကပေါ် (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁)အေးစေတီလမ်း၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ဒေါ်မြင့်မြင့်ဦး မှတ်ပုံတင်အမှတ် [၉/ပသက(နိုင်)၀၆၄၇၁၆] ပိုင်ဆိုင်သော တတိယထပ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ဝယ်ယူမည့်သူဖြစ်သော ဒေါ်ဟံသာစိုးတင့် [၁၂/လမန(နိုင်)၁၄၈၂၀၄]သည် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ အပြီးအပိုင်ဝယ်ယူရန် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟံသာစိုးတင့်**
**အမှတ်-334/344၊ အနော်ရထာလမ်း၊ တိုက်- 1B၊ အခန်း- 201၊ လမ်းမတော်မြို့နယ်။ ရန်ကုန်။ 09-790175166**

## ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၅)၊လှူနေရပ်ကွက်(၁၉)၊ အောင်ဇေယျလမ်း မြေကွက်အမှတ်(၁၄၈၇/က)၊ဧရိယာ(၂၀'×၆၀')ရှိ၊ ဦးကိုကိုကြီး အမည်ပေါက် ပါမစ်မြေကွက်အတွင်းမှ (ခေါင်းရင်းခြမ်း)(၁၀'×၆၀')မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်အမှတ်(၁၄၈၇/က)အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသောအနေအထားဖြင့်(ခေါင်းရင်းခြမ်း)(၁၀×၆၀)ပေမြေကွက်နှင့် နေအိမ်ကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ မိုဟာမက်အာဒမ်(ခ)ဦးလှတင်(၁၂/စခန(နိုင်) ၀၆၅၀၅၅)က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးဝင်းအောင်(၉/ညဥန(နိုင်)၁၆၇၂၈၃)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် ( LL-B )** — **ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — အထက်တန်းရှေ့နေ(စဉ်-၂၂၄၄)
Ph-09 253995848 , 09-798420119 — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၇၉၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိပါမစ်မြေအမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်ကြည် (BSN/W ၁၈၀၅၃၅) အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင် [၁၂/ဒဂန(ပြု)၀၀၀၀၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေများ) ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ် စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၃၀၀)**
**အမှတ် (၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကွယ်လွန်သူဦးသန်းဇော် [၁၂/ရကန(နိုင်)၀၂၅၆၅၆]နှင့် စပ်လျဉ်း၍ သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသက(၂၁)လမ်း၊အမှတ် (၆၃၁/ခ)တွင် နေထိုင်သူ ဦးသန်းဇော် (အဖ-ဦးသောင်းစိန်)၊ အသက်(၇၂)နှစ်သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ပါသည်။ ဇနီးသားသမီးကိတ္တိမသားသမီး မရှိဘဲ လူပျိုကြီးဘဝဖြင့် (၇-၁၂-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားခြင်းဖြစ်၍ တူမအရင်း (၃)ဦးကသာ သင်္ဂြိုဟ်ခဲ့ရပါသည်။

၂။ ကွယ်လွန်သူ ဦးသန်းဇော် ကျန်ရစ်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဦးသန်းဇော်၏ တူမအရင်းဖြစ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ကဉ္စနာဖြိုး [၁၂/ရကန(နိုင်)၀၆၃၅၄၀]က လက်ဝယ်ထိန်းသိမ်း ထားရှိပါကြောင်းနှင့် ကွယ်လွန်သူ ဦးသန်းဇော်တွင် အမွေဆက်ခံရန် ၎င်း၏ အစ်ကိုကြီးအရင်း ကွယ်လွန်သွားပြီဖြစ်သည့် ဦးဇော်မျိုးသန့်နှင့် ဇနီး ဒေါ်အုန်း အုန်းထွေးတို့မှ မွေးဖွားသည့် တူမအရင်းများဖြစ်သည့် (၁) ဒေါ်သော်တာဖြိုး [၁၂/ရကန (နိုင်) ၀၆၃၅၃၈]၊ (၂) ဒေါ်စန္ဒာဖြိုး [၁၂/ရကန (နိုင်) ၀၆၃၅၃၉]နှင့် (၃) ဒေါ်ကဉ္စနာဖြိုး[၁၂/ရကန(နိုင်)၀၆၃၅၄၀]တို့ ညီအစ်မအရင်း (၃)ဦးကသာ ကျန်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**၁။ ဦးကြည်ထွန်း (LLB)** — **၂။ ဒေါ်စုမြတ်မွန်(LL.B)**
**(စဉ်-၆၁၇၃/၁၉၉၅)** — **(စဉ်-၁၄၉၁၈/၂၀၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်- ၁၆/မြေညီ၊ နတ်ချောင်း (၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၅၀၇၅၁၇၁ / ၀၉-၇၅၇၅၄၄၈၇၅**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၄၃)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်နေ ဒေါ်ခင်ပြုံးရီ (ဘ) ဦးငွေသိန်း [၁၂/အလန(နိုင်) ၀၃၁၀၂၁] နှင့် ဦးမြင့်စိုး (ဘ) ဦးငွေသိန်း [၁၂/အလန(နိုင်)၀၂၇၀၉၀] ကိုင်ဆောင်သူများမှ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၄)၊ ဝေဘာဂီလမ်း၊ စောရန်ပိုင်အရှေ့ ရပ်ကွက်၊ အလုံမြို့နယ်နေ ဦးတင့်လွင်ထွန်း (ဘ) ဦးထွန်းကြည် [၁၂/အလန (နိုင်)၀၀၁၀၈၈]သို့ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၄-၄-၂၀၁၆)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၇၁၅/၂၀၁၆) ဖြင့် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ဤလုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် လွှဲအပ်သူ ဒေါ်ခင်ပြုံးရီနှင့် ဦးမြင့်စိုးတို့မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်ခင်ပြုံးရီ နှင့် ဦးမြင့်စိုးတို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်း သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပြုံးရီ** — **ဦးမြင့်စိုး**
**[၁၂/အလန (နိုင်) ၀၃၁၀၂၁]** — **[၁၂/အလန (နိုင်) ၀၂၇၀၉၀]**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(9-D)၊ လှူနေရပ်ကွက်အမှတ်-တောင်သူကုန်း၊ မြေကွက်အမှတ်(၂၄/က)၊ ဧရိယာ (၀.၅၉၄)ဧကရှိ တရားဝင်မခွဲမစိတ်ရသေးသော ဦးကိုကိုနိုင် (၁၂/အစန(နိုင်)၀၄၆၄၀၆) အမည်ပေါက်မြေကွက်အနက်မှ အမက(၄၉)ကျောင်းလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော အလျား (၃၀) ပေ x အနံ (၅၇)ပေရှိမြေကွက်နှင့်အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်တို့အား အမည်ပေါက်ထံမှ (၂၅-၁-၂၀၂၁)ရက်စွဲပါကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဝေလှိုင် (၇/ပတန(နိုင်)၁၂၁၇၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်စရံငွေပေးကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ ၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ရ၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ရ၈၅၅၅၀၂၅၄

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၁)တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ (၆)ထပ်တိုက်မှ ဒုတိယထပ်(၃-လွှာ) A-3 (ခေါင်းရင်းဘက်ခန်း)၊ အကျယ်အဝန်း (၁၂ ½ ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍- ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ (၁) ဦးလှရှိန် [၁၄/ရကန(နိုင်)၀၈၄၃၂၆]၊ (၂) ဦးခင်ဝင်း [၁၄/လပတ(နိုင်)၁၉၄၂၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်(LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း (၃)လမ်း၊ တိုက်အမှတ် (၇၈၂)၊ ဒုတိယထပ်၊ (၃)လွှာ ဟောတိုက် အကျယ်အဝန်း (၁၃ပေx ၅၀ပေ) ရှိ အိမ်နှင့်ခြံမြေကို အခန်းပေးအခန်းယူစနစ်အရ ကန်ထရိုက်တာ ဦးလှမျိုးသူနှင့် အိမ်ရှင် ဒေါ်အမာရီတို့ ဆောက်လုပ်ခဲ့ကြသည့်တိုက်ခန်းမှ ဒေါ်အမာရီ [၁၂/လမန(နိုင်)၀၅၈၆၀၆] က အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်သူထံမှ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက် စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးသူ၊ ဒေါ်ချစ်လဲ့လဲ့ဖြိုးနှင့် ဦးတင်အောင်မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးတင့်** — **ဒေါ်ခင်မိုးသူ**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၈၆)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၁)**
**ဖုန်း- ၀၉-၇၉၃၅၉၆၆၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်- ၁၁၁၊ ၆ လွှာ၊ ခြေရင်းခန်းဟုခေါ်တွင်သောတိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်စုစုလှိုင် [၈/ရနခ(နိုင်)၁၂၁၈၈၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဆန်းဝင်း [၁၃/ပတယ(နိုင်)၀၅၃၃၃၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B** — **ဒေါ်ဆုမွန်ဆွေ LLB,D.B.L**
**(စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)** — **(စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်- ၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၈၃၂-က/ခ)နေ ဦးမင်းနိုင် [၁၂/ရကန(နိုင်)၀၈၁၀၅၀]၊ ဒေါ်တင်တင်ဆွေ [၁၂/မရက(နိုင်)၁၁၂၀၅၇]တို့၏သား မောင်ငြိမ်းသူအောင် [၁၂/ရကန(နိုင်)၀၈၁၀၄၀] ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုလုပ်ခဲ့သဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စအပါအဝင် လူမှုရေးကိစ္စအရှုပ်အရှင်းနှင့် အခြားမည်သည့် ကိစ္စကိုမျှ မိဘအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း မောင်ငြိမ်းသူအောင်နှင့် အများ သိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းနိုင်၊ ဒေါ်တင်တင်ဆွေ** — **ဒေါ်နှင်းဝေဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၂၁) (၂၇-၇-၂၀၁၇)**
**အမှတ်- ၉၆/က၊ စိန်ပန်းမြိုင် (၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း- ၀၉-၄၂၁၀၄၃၁၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် (က)(၁၁၄) ဟုခေါ်တွင်သော (အလျား ၂၄ ပေx အနံ ၁၇ပေ)အကျယ်ရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ် သွပ်မိုးတိုက်ခံနေအိမ် (၁)လုံးအပါအဝင် ယင်းနေအိမ်တွင်တပ်ဆင်ထားသော ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့် များအားလုံးကို တရားဝင်ပိုင်ဆိုင်ကြောင်း လက်ရောက်ရရှိနေထိုင်လျက်ရှိကြောင်း ဝန်ခံပြီး ဒေါ်တင်တင်လှိုင်၊ ဒေါ်ဖြူဖြူနွယ်၊ ဒေါ်သင်းသင်းနွယ်တို့မှ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ရောင်းချသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းညွန့် [၁၂/မရက(နိုင်)၀၄၅၁၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၄-၅-၂၀၂၄)ရက်နေ့က စရန်ငွေပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုပြီး စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**ဦးသောင်းညွန့်၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်တင်ထွေး LL.B, DBL (စဉ်- ၈၀၁၀)** — **ဒေါ်မြတ်စုသင်း LL.B (စဉ်- ၁၄၀၃၁)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (E-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၇၇၃၃၆၃၅၇၀၊ ၀၉- ၉၅၅ ၁၉၉ ၅၁၅**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်...**

❖ **ကွပ်ကဲအုပ်ချုပ်မှု အောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက်ငယ်သားကို ကျော်သားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်...**

❖ **တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင် ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

---

**ယနေ့ ဖတ်စရာ**

**အကြမ်းဖက်မှုသံသရာနှင့် သမိုင်းသင်ခန်းစာ**

ဆောင်းပါး စာမျက်နှာ » ၆

**ဒီပဲယင်းမြို့၌ ဆွမ်းခံကြွနေသော သံဃာတော် တစ်ပါးကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်လာရောက် ပစ်ခတ်သဖြင့် ထိခိုက်ဒဏ်ရာများရရှိ**

စာမျက်နှာ » ၁၅

**အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆု ဦးဇော်ဇော် ချီးမြှင့်ခံရ**

စာမျက်နှာ » ၁၇

---



# မြန်မာအမျိုးသားလေကြောင်းက ရန်ကုန် – နန်နင်း – ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ

ရန်ကုန် မေ ၁၆

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ရန်ကုန် – နန်နင်း – ရန်ကုန် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်(Cargo Flight)ကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

---



မြန်မာ့လက်ရွေးစင် ယူ – ၂၀ အသင်းအား လေ့ကျင့်ရေးကွင်းအတွင်း တွေ့ရစဉ်။

## ပြည်တွင်းထိပ်သီးကလပ်အချို့ကို အနိုင်ကစားထားသည့် မြန်မာ့လက်ရွေးစင် ယူ -၂၀ အသင်းက တရုတ် ယူ-၂၀ နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် မေ ၁၆

အနာဂတ် ခြေစွမ်းထက်မျိုးဆက်သစ်ဖြစ်ပြီး ပြည်တွင်းထိပ်သီးကလပ်အချို့ကို ယှဉ်ပြိုင်အနိုင်ကစားထားသည့် မြန်မာ့လက်ရွေးစင် ယူ – ၂၀ အသင်းက တရုတ် ယူ–၂၀ နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ လက်ရွေးစင်ဘောလုံးအသင်းကို MFF ဘောလုံးအကယ်ဒမီထွက် ကစားသမားများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ရွေးစင် ကစားသမားများ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ခြေစွမ်းထက်လူငယ်မျက်နှာသစ်ကစားသမားများဖြင့် စုဖွဲ့ထားပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူ ကိုင်တွယ်နေခြင်း ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

---

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၆

| | | |
|---|---|---|
| ချောက် | ၄၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၅ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |